ဗုဒ္ဓသာသန ဘာရော အဝဿံ ဝဟိတဗ္ဗော

(ဤသည် ဗုဒ္ဓသာသနာ့တာဝန်ကို မချွတ် ထမ်းဆောင်ရမည်)

## ပြည်ထောင်စု မြန်မာ နိုင်ငံတော်
## နိုင်ငံတော် သံဃမဟာနာယကအဖွဲ့

# ထေရဝါဒ ဗုဒ္ဓသာသနာပြု
# ဩဝါဒါစရိယ အဖွဲ့စည်းမျဉ်း

၃၁၁
ဘ

သာသနာရေး ဝန်ကြီးဌာန

**သာသနာတော် ထွန်းကား ပြန့်ပွားရေး ဦးစီးဌာန**

သာသနာ-၂၅၃၇ ကောဇာ-၁၃၅၅ ခရစ်-၁၉၉၄

၂၂၈၅၆

ဗုဒ္ဓသာသန ဘာရော အဝဿံ ဝဟိတဗ္ဗော
(ငါသည် ဗုဒ္ဓသာသနာ့တာဝန်ကို မချွတ် ထမ်းဆောင်ရမည်)

ပြည်ထောင်စု မြန်မာ နိုင်ငံတော်
နိုင်ငံတော် သံဃမဟာနာယကအဖွဲ့

# ထေရဝါဒ ဗုဒ္ဓသာသနာပြု
# ကြံ့ဝါဒီဓါရီယ အဖွဲ့စည်းမျဉ်း


သာသနာရေး ဝန်ကြီးဌာန
သာသနာတော် ထွန်းကား ပြန့်ပွားရေး ဦးစီးဌာန

သာသနာ-၂၅၃၇ ကောဇာ-၁၃၅၅ ခရစ်-၁၉၉၄

# ထေရဝါဒဗုဒ္ဓသာသနာပြုသြဝါဒါစရိယအဖွဲ့
# စည်းမျဉ်း

## နိဒါန်း

ဗုဒ္ဓသာသနာပြုလုပ်ငန်းကို ပထမဦးဆုံး ဗုဒ္ဓမြတ်စွာဘုရား ကိုယ်တော်တိုင် ဆောင်ရွက်တော်မူခဲ့သည်။ ဗုဒ္ဓမြတ်စွာဘုရားသည် မဟာသက္ကရာဇ် (၁၀၃)(ဘီစီ ၅၈၉)ခုနှစ်၊ ကဆုန်လပြည့်နေ့၌ သဗ္ဗညု ဘုရားအဖြစ်သို့ရောက်ရှိတော်မူပြီးနောက် ရှစ်သတ္တာဟမြောက်တွင် မာရ်နတ်သားက မြတ်စွာဘုရားအား ပရိနိဗ္ဗာန်ပြုတော်မူရန် လျှောက်ထား ခဲ့သည်။ ထိုအခါ မြတ်စွာဘုရားက မာရ်နတ်သားအား မိန့်ကြားတော်မူ သော စကားတော်များတွင် တပည့်သား၊ ရဟန်း၊ ရဟန်းမ၊ ဥပါသကာ၊ ဥပါသကာ တို့သည် မိမိတို့၏ဆရာ(ငါဘုရား)၏ ဝါဒကို တတ်မြောက် အောင် သင်ယူပြီး သူတစ်ပါးတို့အား မဟောနိုင်၊ မပြောနိုင်၊ မဖော်ပြနိုင်၊ မတည်တံ့စေနိုင်၊ မဖွင့်ဆိုနိုင်၊ မဝေဖန်နိုင်၊ မပေါ်လွင်စေနိုင်သေးသမျှ ပေါ်ပေါက်လာသောသူတစ်ပါးတို့၏ အယူဝါဒကို ယထာဘူတကျကျ ကောင်းစွာနှိမ်နင်းပြီး အံ့ဖွယ်ရှိသောငါဘုရား၏ တရားတော်များကို မပြောပြနိုင်သေးသမျှ ကာလပတ်လုံး ပရိနိဗ္ဗာန်ပြုမည် မဟုတ်သေး ကြောင်း ပါဝင်ပါသည်။

ဗုဒ္ဓမြတ်စွာဘုရားသည် မာရ်နတ်သားအား မိန့်ကြားတော်မူသည့် အတိုင်း ကိုယ်တော်၏ အယူဝါဒတရားဓမ္မကို ဟောပြတော်မူရန် ဝါဆို လပြည့်နေ့ နံနက်အချိန်တွင် မဟာဗောဓိမဏ္ဍိုင်မှ ရှစ်ယူဇနာဝေးသော ကာသိတိုင်း၊ ဗာရဏသီပြည်၊ မိဂဒါဝုန်တောသို့ ခြေလျင်ကြွတော်မူရာ ညချမ်းအချိန်၌ ပဉ္စဝဂ္ဂီ ၅-ဦးထံ ရောက်ရှိပြီး ဓမ္မစကြာ တရားဦးကို ဟောတော်မူခြင်းဖြင့် သာသနာပြုတော်မူခဲ့သည်။ ၎င်းနောက် သေနနိဂုံးသူ ဗာရာဏသီသူဌေးကတော် ဃနာနို့ဆွမ်း ဒါယိကာမ သုဇာတာ၏သား ဖြစ်သော ယသသတို့သားအပါအဝင် သတို့သားငါးကျိပ်ငါးဦး၊

ဥရုဝေလတောရှိ ရသေ့ညီနောင် ရှင်တစ်ထောင် စသော ပုဂ္ဂိုလ်များအား တရားဓမ္မဟောကြား၍ ဆက်လက် သာသနာပြုတော်မူခဲ့သည်။

အယူမှားသူများအား အယူမှန်၌ တည်လာစေရန် သာသနာပြုလုပ်ငန်း၏ အကျိုးများပုံကိုလည်း မြတ်စွာဘုရားက ဒုစရိုက်ပြုသူများ၊ အရိယာကို စွပ်စွဲသူများ၊ ကိုယ်တိုင် အယူမှားသူများ၊ သူတစ်ပါးကို အယူမှားအောင် ပြုသူများသည် အပါယ်သို့သာ လားနေကြပြီး သုစရိုက်ပြုသူများ၊ အရိယာကိုမစွပ်စွဲသူများ၊ ကိုယ်တိုင်အယူမှန်သူများ၊ သူတစ်ပါးကိုအယူမှန်အောင် အကျိုးဆောင်သူများသည် နတ်ရွာသုဂတိသို့သာ လားနေကြသည်ကို တွေ့ရှိရကြောင်း သီလက္ခန်ပါဠိတော် ဒိဗ္ဗစက္ခုခန်း၌ ဟောကြားတော်မူခဲ့သည်။ ၎င်းအပြင် သူတစ်ပါးအား သရဏဂုံတည်အောင် ပြုသူ၊ သစ္စာလေးပါး သိအောင် ပြုသူနှင့် ရဟန္တာဖြစ်အောင်ပြုသူ သုံးဦးသည် လောကတွင် ကျေးဇူး အကြီးမားဆုံး ဖြစ်ကြောင်း အင်္ဂုတ္တရနိကာယ် တိကနိပါတ် ဗဟုပကာရသုတ်တွင် ဟောတော်မူခဲ့သည်။

ထို့ကြောင့် အယူမှားရှိသူများအား အယူမှန်၌ တည်စေသော သာသနာပြုလုပ်ငန်း၏ အကျိုးများကို လိုလားတော်မူခဲ့ကြသော တပည့်သား သာဝကများနှင့် သူတော်စင်ဒါယကာ၊ ဒါယိကာမများက လက်လှမ်းမှီသမျှ သာသနာပြုတော်မူခဲ့ကြသည်။ သာသနာတော်ကို ဓမ္မာနုဂ္ဂဟ၊ ပစ္စယာနုဂ္ဂဟ ထောက်ပံ့ခြင်းဖြင့်လည်း အရှည်တည်တံ့အောင် စောင့်ရှောက်တော်မူခဲ့ကြသည်။ ဤသို့ သာသနာပြုပြီး ထိန်းသိမ်း စောင့်ရှောက်တော်မူခဲ့ကြသောကြောင့်သာလျှင် သာသနာတော်သည် နှစ်ပေါင်း(၂၅၀၀) ကျော်အောင် အရှည်ခံ၍ တည်တံ့နေခဲ့ရခြင်းဖြစ်သည်။ နောင် နှစ်ပေါင်း(၅၀၀၀)မက ကမ္ဘာတည်သရွေ့ သာသနာတော် အရှည်ခံ၍ တည်တံ့သွားစေရေးအတွက် သာသနာပြုပြီး ထိန်းသိမ်း စောင့်ရှောက်သွား ရန်မှာ ယနေ့ သက်ရှိထင်ရှား တည်ရှိနေကြသော ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူများအပေါ် တာဝန်ကျရောက်လျက် ရှိနေပါသည်။

ယနေ့ကာလတွင် မြန်မာနိုင်ငံသည် ဗုဒ္ဓသာသနာ အထွန်းကားဆုံး နိုင်ငံဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓသာသနာတော် ကမ္ဘာအနှံ့ ထွန်းကား ပြန့်ပွားရေးအတွက် သာသနာပြုရန်နှင့် ကမ္ဘာတည်သရွေ့ အရှည်တည်တံ့ နိုင်ရန် ထိန်းသိမ်း စောင့်ရှောက်ရမည့်တာဝန်မှာ မြန်မာနိုင်ငံသား ဗုဒ္ဓ ဘာသာဝင် ရဟန်းရှင်လူများက ပဓာနကျလျက် ရှိသည်။ သို့ရာတွင် ယခုအခါ မြန်မာနိုင်ငံ ဒေသအနှံ့အပြားတွင် ဗုဒ္ဓသာသနာတော် ထွန်းကား ပြန့်ပွားရေးအတွက် ရှေးဦးစွာ ဆောင်ရွက်ရမည့်တာဝန် ရှိနေသည့် အလျောက်(၉-၅-၉၁)နေ့တွင် ဖွဲ့စည်းတည်ထောင်သော သာသနာတော် ထွန်းကား ပြန့်ပွားရေး ဦးစီးဌာနက ပြည်တွင်း သာသနာပြုလုပ်ငန်းကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံသို့ ဗုဒ္ဓ သာသနာတော် ရောက်ရှိချိန်နှင့်ပတ်သက်၍ အမျိုးမျိုး ခန့်မှန်း ပြောဆို လျက်ရှိကြသည်။ သာသနာတော်သက္ကရာဇ်(၂၃၅)(ဘီစီ-၃၀၉)၌ တတိယ သံဂါယနာတင်ပြီးနောက် ကိုးတိုင်းကိုးဌာနသို့ သာသနာပြု စေလွှတ် ရာတွင် သုဝဏ္ဏဘူမိ(သထုံ)သို့ ရှင်သောဏ၊ ရှင်ဥတ္တရထေရ် နှစ်ပါး ဦးဆောင်သော သာသနာပြုရဟန်းတော်ငါးပါး ရောက်ရှိ သာသနာပြုခြင်း လုပ်ငန်းသည် သာသနာ့သမိုင်းတွင် ထင်ရှားသောမှတ်တိုင် တစ်ရပ် ဖြစ်သည်။ ထိုအချိန်မှစ၍ မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာတော် ရောက်ရှိ ထွန်းကားနေပြီဖြစ်ကြောင်း ထင်ရှားသည်။

မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာတော် ရောက်ရှိပြီးနောက် ထွန်းကား ပြန့်နှံ့သွားရာ ဒေသရှိ မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံးသည် ဗုဒ္ဓ သာသနာအဆုံးအမများကို ရရှိကြ၍ ကုသိုလ်တရား တိုးပွားခဲ့ကြရသည်။ ဗုဒ္ဓသာသနာတော် မရောက်ရှိနိုင်သော နယ်စပ်နှင့် တောင်တန်းဒေသ အချို့ရှိ လူများမှာ ရိုးရာဓလေ့များဖြင့် တင်းတိမ်ခဲ့ကြရသည်။ သို့ရာတွင် မြန်မာနိုင်ငံ လွတ်လပ်ရေးဆုံးရှုံးပြီးနောက် လူမျိုးခြား၊ ဘာသာခြား အုပ်ချုပ်သူများက ၄င်းတို့အလိုကြ ဆောင်ရွက်ခဲ့သဖြင့် မြန်မာနိုင်ငံသူ နိုင်ငံသားအချို့မှာ ဗုဒ္ဓဘာသာ သာသနာအဆုံးအမမှ ကင်းကွာသွား

ခဲ့ကြရသည်။ အထူးသဖြင့် နယ်စပ်နှင့် တောင်တန်းဒေသရှိ တိုင်းရင်းသူ တိုင်းရင်းသားများမှာ ဗုဒ္ဓဘာသာ သာသနာအဆုံးအမနှင့် ဝေးကွာခဲ့ရုံမျှမက ရိုးရာဓလေ့များပါ ပျောက်ကွယ်ခဲ့ကြရသည်။ တောင်တန်းဒေသများသို့ ဗုဒ္ဓဘာသာ ရဟန်းတော်များ တက်ရောက်ခွင့်ကိုပင် အုပ်ချုပ်သူများက ပိတ်ပင်ခဲ့ကြသည်။

သို့ရာတွင် ဗုဒ္ဓရဟန်းတော်အချို့က မိမိတို့နည်း မိမိတို့ဟန်ဖြင့် ကြိုးပမ်းကာ တောင်တန်းဒေသသို့ တက်ရောက်၍ သာသနာပြုတော်မူခဲ့ကြသည်။ ၎င်းဆရာတော်များမှာ ၁၂၉၁–ခုနှစ်၌ ရခိုင်တောင်ကုပ် ဆရာတော် ဦးဇာဂရ၊ ၁၂၉၆–ခုနှစ်၌ ပုသိမ်ဆရာတော် ဦးဝိမလနှင့် ရေပေါ်ကျွန်းဆရာတော် ဦးဉာဏ၊ ၁၂၉၇–ခုနှစ်၌ ရွှေဘိုဆရာတော် ဦးဥတ္တမသာရနှင့် ၁၂၉၈–ခုနှစ်၌ လဝဆရာတော် ဦးစိန္တာမဏိ၊ ကြံခင်း ဆရာတော် ဦးတိဿနှင့် ယောဆရာတော် ဦးကဝိန္ဒတို့ ဖြစ်သည်။ ၎င်း ဆရာတော်များအနက် ပုသိမ်ဆရာတော် ဦးဝိမလသည် တောင်တန်း ဒေသသို့ ကြွရောက်ကာ မိုင်ပေါင်းများစွာ ခြေလျင်လှည့်လည်လျက် သာသနာပြုလုပ်ငန်းကို စွမ်းစွမ်းတမံ ဆောင်ရွက်ရင်း တောင်တန်းသား တို့၏ ဘဝအခြေအနေကို လေ့လာတော်မူခဲ့သည်။ ထိုအချိန်တွင် ပုသိမ် ဆရာတော် ဦးဝိမလကို အစွဲပြု၍ ဆာဦးသွင်၊ ဦးဘိုးပျော့၊ ဦးသိန်းမောင်၊ ဦးညွန့်၊ ဦးဖိုးသာ၊ ဆရာဝ စသော ဗုဒ္ဓဘာသာဝင် သူတော်စင်ကြီးများ ဦးစီး၍ သွင်ရှပ်ရှင်ရုံတွင် မြို့လုံးကျွတ်အစည်းအဝေး ကျင်းပပြီး ဆာဦးသွင် အမှူးပြုသော တောင်တန်း ဗုဒ္ဓသာသနာပြုအဖွဲ့ တစ်ဖွဲ့ကို ဖွဲ့စည်း တည်ထောင်ခဲ့ကြသည်။

ထိုအဖွဲ့သည် တောင်တန်းဗုဒ္ဓသာသနာပြု ပုဂ္ဂိုလ်များကို ရရှိရန် ခဲခဲယဉ်းယဉ်း ရှာဖွေနေဆဲမှာပင် ဒုတိယကမ္ဘာစစ်မီး မြန်မာနိုင်ငံသို့ ကူးစက်လာသဖြင့် ရည်မှန်းချက်လုပ်ငန်းများကို ရပ်စဲခဲ့ရသည်။ စစ်ပြီးဆုံး ပြီးနောက်(၁၃၀၈)ခုနှစ်၊ နယုန်လဆန်း(၁)ရက်နေ့တွင် ခြောက်ထပ် ကြီးဘုရား ကျောင်းတိုက်၌ ကျင်းပပြုလုပ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ

ဂိုဏ်းပေါင်းစုံ မဟာသံဃာ့အဖွဲ့ချုပ်၏ ပြည်လုံးကျွတ် နှစ်ပတ်လည် အစည်းအဝေးပွဲကြီးတွင် ဆာဦးသွင်က မူလ မိမိကိုယ်တိုင် ဖိစဉ်ခဲ့သော တောင်တန်းဗုဒ္ဓ သာသနာပြုကိစ္စကို လျှောက်ထားရာ ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက် ဆရာတော် ဦးပညာ(အဂ္ဂမဟာပဏ္ဍိတ) ဦးဆောင်သော သံဃာ့အစည်းအဝေးပွဲကြီးက တောင်တန်းဗုဒ္ဓ သာသနာပြုအဖွဲ့ တစ်ဖွဲ့ကို ဖွဲ့စည်း၍ တောင်တန်းနယ်များ၌ သာသနာပြုများစေလွှတ်ရန် အတည်ပြုဆုံးဖြတ်ခဲ့သဖြင့် သာသနာပြု စီမံကိန်းဥပဒေကို ရေးဆွဲကာ ဗုဒ္ဓသာသနာပြုလုပ်ငန်းကို စတင် ဆောင်ရွက်ခဲ့ကြသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် ၁၉၅၀–ပြည့်နှစ် ဗုဒ္ဓသာသနာ့အဖွဲ့ အက်ဥပဒေအရ နိုင်ငံတော်ဗုဒ္ဓသာသနာ့အဖွဲ့ကို ပြန်လည်ဖွဲ့စည်းပြီး တောင်တန်း ဗုဒ္ဓသာသနာပြုလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြပြန်သည်။ တော်လှန်ရေးကောင်စီလက်ထက် ၁၉၇၂–ခုနှစ်၌ နိုင်ငံတော်ဗုဒ္ဓသာသနာ့အဖွဲ့ သာသနာ့ညွှန်ကြားရေးဝန် ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ ဝိနိစ္ဆယဌာန၊ ဓမ္မာစရိယဌာန၊ ပထမပြန်ဌာနများကို စုစည်း၍ သာသနာရေးဦးစီးဌာနအဖြစ် ဖွဲ့စည်းပေးခဲ့ပြီးနောက် တောင်တန်း ဗုဒ္ဓသာသနာပြုလုပ်ငန်းကို သာသနာရေးဦးစီးဌာနက စဉ်လာမပျက် ဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်ကောင်စီလက်ထက် ၁၉၈၀–ပြည့်နှစ်၌ ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကို ကျင်းပ၍ သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး လုပ်ငန်း(၃)ရပ်ကို ဆောင်ရွက်နိုင်ရေးအတွက် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ကို ဖွဲ့စည်းခဲ့ပြီးနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က တောင်တန်းဗုဒ္ဓသာသနာပြု ဗဟို သံဃာ့အဖွဲ့စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများကို (၄–၆–၈၂)နေ့တွင် ကျင်းပသော ပထမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယအစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက်ရယူပြီး ပြဋ္ဌာန်းပေးခဲ့သည်။ အဖွဲ့ဝင် (၉)ပါး ပါဝင်သော တောင်တန်းသာသနာပြု ဗဟိုသံဃာ့အဖွဲ့ကိုလည်း ဖွဲ့စည်း၍ တောင်တန်းဗုဒ္ဓသာသနာပြု လုပ်ငန်းဆောင်ရွက်ရန် တာဝန်

လွှဲအပ်ခဲ့သည်။ ၎င်းအပြင် တောင်တန်း ဗုဒ္ဓသာသနာပြုလုပ်ငန်းများကို ချောမောလွယ်ကူစွာ ဆောင်ရွက်နိုင်ရန် တောင်တန်း ဗုဒ္ဓ သာသနာပြု လက်စွဲကိုလည်း(၂၀-၆-၈၆)နေ့တွင် ကျင်းပသော ဒုတိယ အကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးက အတည်ပြု ပြဋ္ဌာန်းပေးခဲ့ပြန်သည်။ ယင်းစည်းမျဉ်းအရ ကချင်၊ ကရင်၊ ကယား၊ ရှမ်း၊ ချင်းတောင်တန်း၊ နာဂတောင်တန်းနှင့် အာသံတို့၌ သာသနာပြုဌာန (၁၃၂)ဌာန ဖွင့်လှစ်၍ သာသနာပြုရဟန်းတော်(၁၃၂)ပါး၊ သာသနာပြု ကျောင်းဆရာ (၄၈)ဦး၊ တရားဟောဆရာ (၅၃)ဦးတို့ကို စေလွှတ်ခန့်ထား၍ သာသနာပြုလုပ်ငန်း ဆောင်ရွက်ရန် ဖြစ်သည်။

သို့ရာတွင် သာသနာတော် ထွန်းကား ပြန့်ပွားရေး ဦးစီးဌာန ပေါ်ပေါက်လာသောအခါ နယ်စပ်နှင့် တောင်တန်းဒေသကို အခြေခံ၍ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လိုအပ်နေသောဒေသ မြို့(၉၉)မြို့၌ အခြေခံ သာသနာပြုဌာန (၉၉)ဌာန ဖွင့်လှစ်၍ သာသနာပြု ရဟန်းတော် ခေါင်းဆောင် (၉၉)ပါးကို စေလွှတ်ခန့်ထားရန်၊ အခြေခံသာသနာပြုဌာန (၁)ဌာနအောက်တွင် အခြေခံသာသနာပြုဌာနခွဲ (၄)ဌာနနှုန်းဖြင့် အခြေခံ သာသနာပြုဌာနခွဲ (၃၉၆)ဌာန ဖွင့်လှစ်၍ လက်ထောက်သာသနာပြု ရဟန်းတော် (၃၉၆)ပါးကို စေလွှတ်ခန့်ထားရန်၊ အခြေခံ သာသနာပြု ဌာနခွဲ(၁) ဌာနအောက်တွင် အခြေခံသာသနာပြုဌာနစိတ် (၃)ဌာနနှုန်းဖြင့် အခြေခံသာသနာပြုဌာနစိတ် (၁၁၈၈)ဌာန ဖွင့်လှစ်၍ သာသနာပြု လူပုဂ္ဂိုလ်များကို စေလွှတ် ခန့်ထားရန်နှင့် လိုအပ်သော ဒေသများ၌ သာသနာပြုစာသင်တိုက် ကမ္မဋ္ဌာန်းတိုက်များ ဖွင့်လှစ်၍ သာသနာပြု ရဟန်းတော်များ၊ သီလရှင်များကို စေလွှတ်ရန် လျာထားသတ်မှတ်ခဲ့သည်။ ထောက်ပံ့ရေး စည်းမျဉ်းတစ်ခုကိုလည်း ရေးဆွဲ၍ တတိယအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဆဋ္ဌမအစည်းအဝေးသို့ တင်ပြအတည်ပြုချက် ရယူပြီး လက်ရှိ တောင်တန်း ဗုဒ္ဓသာသနာပြု ဗဟိုသံဃာ့အဖွဲ့စည်းမျဉ်းနှင့် တွဲဖက်၍ အသုံးပြုခဲ့သည်။

သို့ရာတွင် လက်ရှိ အသုံးပြုလျက်ရှိသော ၁၉၈၂–ခုနှစ် တောင်တန်း ဗုဒ္ဓသာသနာပြု ဗဟိုသံဃာ့အဖွဲ့ စည်းမျဉ်းနှင့် လုပ်ထုံး လုပ်နည်းများ ၁၉၈၆–ခုနှစ် တောင်တန်းဗုဒ္ဓသာသနာပြုဆိုင်ရာ လက်စွဲ များသည် သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန၏ သာသနာပြု လုပ်ငန်းဆိုင်ရာ လျာထားသတ်မှတ်ချက်နှင့် လိုက်လျောညီထွေ ဖြစ်မှု မရှိတော့သည့်အပြင် အသစ်ရေးဆွဲ အသုံးပြုလျက်ရှိသော ထောက်ပံ့ရေး စည်းမျဉ်းမှာလည်း သာသနာပြုများအား ထောက်ပံ့မှုမျှကိုသာ ဖော်ပြထား သဖြင့် ပြည့်စုံမှုမရှိ ဖြစ်နေသည်။ ထို့ကြောင့် လက်ရှိစည်းမျဉ်းနှင့် လက်စွဲတို့ကို ပြင်ဆင်ရန် လိုအပ်လာသည်။ ယင်းလိုအပ်ချက်အရ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က (၄–၁၂–၉၃)နေ့တွင် ကျင်းပသော တတိယအကြိမ် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒွါဒသမအစည်းအဝေးသို့ တင်ပြ လျှောက်ထားခဲ့ရာ အစည်းအဝေးက သာသနာပြုလုပ်ငန်းဆိုင်ရာ စည်းမျဉ်း ကို ပြင်ဆင်ရေးဆွဲ၍ တင်ပြရန် ဆုံးဖြတ် ညွှန်ကြားတော်မူခဲ့သည်။

ယင်းဆုံးဖြတ်ညွှန်ကြားချက်အရ သာသနာတော် ထွန်းကား ပြန့်ပွားရေး ဦးစီးဌာနက လက်ရှိ တောင်တန်း ဗုဒ္ဓသာသနာပြု ဗဟို သံဃာ့အဖွဲ့ စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ တောင်တန်း ဗုဒ္ဓ သာသနာ့ပြုဆိုင်ရာ လက်စွဲနှင့် ထောက်ပံ့ရေးစည်းမျဉ်း(၃)ရပ်ကို အခြေခံ၍ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန၏ ရည်မှန်းချက်လုပ်ငန်း နှင့် လိုက်လျောညီထွေမှုရှိသော ထေရဝါဒ ဗုဒ္ဓသာသနာပြုဩဝါဒါစရိယ အဖွဲ့စည်းမျဉ်းကို ရေးဆွဲ၍ ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့ ဆရာတော်ကြီးများထံ တင်ပြီး အတည်ပြုချက် ရယူခဲ့သည်။ ၎င်းနောက် တတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(တတိယအဖွဲ့ခွဲ)မှ တစ်ဆင့်(၁၉–၃–၉၄)နေ့တွင်ကျင်းပသော(၄၇)ပါးစုံညီ တေရသမအစည်း အဝေးသို့ တင်ပြပြီး (၂၃–၃–၉၄)နေ့တွင်ကျင်းပသော တတိယအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဌမအစည်းအဝေးသို့ ထပ်မံ တင်ပြခဲ့ရာ အစည်းအဝေးက အတည်ပြု ပြဋ္ဌာန်းပေးလိုက်ပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်
နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့

# ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့

# စည်းမျဉ်း

နိဒါန်း

| မာတိကာ | စာမျက်နှာ |
|---|---|
| အခန်း (၁) အမည်နှင့်အဓိပ္ပာယ် ဖော်ပြချက် | ၁ |
| အခန်း (၂) ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယ အဖွဲ့ ဖွဲ့စည်းခြင်း | ၃ |
| အခန်း (၃) ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယ အဖွဲ့၏တာဝန် လုပ်ပိုင်ခွင့်နှင့် ခံစားပိုင်ခွင့်များ | ၅ |
| အခန်း (၄) အစည်းအဝေးများ | ၉ |
| အခန်း (၅) သာသနာပြုဌာနများ သတ်မှတ်ခြင်း | ၁၂ |
| အခန်း (၆) ထေရဝါဒ ဗုဒ္ဓသာသနာပြုများ ခန့်အပ်ခြင်း | ၁၄ |

| | | | |
|---|---|---|---|
| အခန်း | (၇) | သာသနာပြုများ၏ လုပ်ငန်းတာဝန်နှင့် ရပိုင်ခွင့် ခံစားခွင့်များ | ၂၂ |
| အခန်း | (၈) | ထေရဝါဒ ဗုဒ္ဓသာသနာပြု ထောက်ပံ့ရေး အဖွဲ့များ ဖွဲ့စည်းခြင်း | ၃၁ |
| အခန်း | (၉) | ထေရဝါဒ ဗုဒ္ဓသာသနာပြု ထောက်ပံ့ရေး အဖွဲ့များ၏ လုပ်ငန်းတာဝန်များ | ၃၈ |
| အခန်း | (၁၀) | စည်းမျဉ်း အတည်ပြု ထုတ်ပြန် ပြင်ဆင် ဖြည့်စွက် နုတ်ပယ်ခြင်း | ၄၅ |
| အခန်း | (၁၁) | အထွေထွေ | ၄၆ |


ကွန်စာစီ    သ.ထ.ပ-ကွန်

အခန်း (၁)

# အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤစည်းမျဉ်းကို "ထေရဝါဒ ဗုဒ္ဓသာသနာပြု သြဝါဒါစရိယ အဖွဲ့စည်းမျဉ်း" ဟု ခေါ်စေရမည်။

၂။ ဤစည်းမျဉ်းတွင် ပါဝင်သော ဖော်ပြလတ္တံ့ပါ ဝေါဟာရများသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်။

(က) ***စည်းမျဉ်း*** ဆိုသည်မှာ ထေရဝါဒ ဗုဒ္ဓသာသနာပြု သြဝါဒါစရိယ အဖွဲ့စည်းမျဉ်းကို ဆိုသည်။

(ခ) ***သြဝါဒါစရိယအဖွဲ့*** ဆိုသည်မှာ ဤစည်းမျဉ်းအရ ဖွဲ့စည်းသော ထေရဝါဒ ဗုဒ္ဓသာသနာပြု သြဝါဒါစရိယ အဖွဲ့ကို ဆိုသည်။

(ဂ) ***သာသနာပြုဌာန*** ဆိုသည်မှာ ဤစည်းမျဉ်းအရ သတ်မှတ်သော အခြေခံ ဗုဒ္ဓသာသနာပြုဌာန၊ အခြေခံ ဗုဒ္ဓသာသနာပြု ဌာနခွဲနှင့် အခြေခံဗုဒ္ဓသာသနာပြု ဌာနစိတ်များကို ဆိုသည်။

(ဃ) ***သာသနာပြုရဟန်းတော်*** ဆိုသည်မှာ ဤစည်းမျဉ်းအရ ခန့်ထားသော ထေရဝါဒ ဗုဒ္ဓသာသနာပြု ရဟန်းတော်၊ သာသနာပြုစာသင်တိုက် စာချရဟန်းတော်နှင့် သာသနာပြု ကမ္မဋ္ဌာန်းတိုက် ကမ္မဋ္ဌာန်းနည်းပြ ရဟန်းတော်ကို ဆိုသည်။

(င) ***သာသနာပြုရဟန်းတော်ခေါင်းဆောင်*** ဆိုသည်မှာ သာသနာပြု ဌာန၌ တာဝန် ပေးအပ်ခြင်းခံရသော သာသနာပြုရဟန်းတော်ကို ဆိုသည်။

(စ) ***သာသနာပြုလူပုဂ္ဂိုလ်*** ဆိုသည်မှာ ဤစည်းမျဉ်းအရ ခန့်ထားသော သာသနာပြုလူပုဂ္ဂိုလ်ကို ဆိုသည်။

(ဆ) ***သာသနာပြု လူပုဂ္ဂိုလ်ခေါင်းဆောင်*** ဆိုသည်မှာ သက်ဆိုင်ရာ ဒေသအတွင်း ခေါင်းဆောင်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသော သာသနာပြု လူပုဂ္ဂိုလ်ကို ဆိုသည်။

(ဇ) ***သာသနာရေးမှူး*** ဆိုသည်မှာ သာသနာပြု ရဟန်းတော်များ၏ ဥပတ္ထမ္ဘကအဖြစ် ဆောင်ရွက်ရန်နှင့် သာသနာပြု လူပုဂ္ဂိုလ်များအား ဦးဆောင်လမ်းညွှန်မှု ပြုနိုင်ရန် သာသနာတော် ထွန်းကား ပြန့်ပွားရေး ဦးစီးဌာနမှ ခန့်အပ်/တာဝန်ပေးအပ်သော မြို့နယ် (သို့မဟုတ်) ပြည်နယ် (သို့မဟုတ်)တိုင်း သာသနာရေးမှူးကို ဆိုသည်။

(ဈ) ***ထေရဝါဒ ဗုဒ္ဓသာသနာပြု ထောက်ပံ့ရေးအဖွဲ့*** ဆိုသည်မှာ ဤ စည်းမျဉ်းအရ ဖွဲ့စည်းသော ဗဟို၊ ပြည်နယ်/တိုင်း၊ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာ ထေရဝါဒဗုဒ္ဓသာသနာပြု ထောက်ပံ့ရေးအဖွဲ့ အဆင့်ဆင့်ကို ဆိုသည်။

(ည) ***သာသနာပြုဗဟိုဌာန*** ဆိုသည်မှာ သက်ဆိုင်ရာဒေသအတွင်း သာသနာပြုဌာနများ၏ လိုအပ်ချက်များကို အကူအညီပေးနိုင်ရန် သတ်မှတ်ထားသော အခြေခံ သာသနာပြုဌာနကို ဆိုသည်။

(ဋ) ***သာသနာပြုစာသင်တိုက်*** ဆိုသည်မှာ ဤစည်းမျဉ်းအရ နယ်စပ်နှင့် တောင်တန်းဒေသများတွင် လိုအပ်ချက်အရ ဖွင့်လှစ်သော အနည်းဆုံး စာချ စာသင်ရဟန်း သာမဏေ/ သီလရှင် (၂၀)ပါးရှိသော ကျောင်းတိုက်ကို ဆိုသည်။ (ဒေသအလိုက် စာသင်သား အတိုးအလျော့ ရှိနိုင်ပါသည်။)

(ဌ) ***သာသနာပြု ကမ္မဋ္ဌာန်းတိုက်*** ဆိုသည်မှာ ဤစည်းမျဉ်းအရ နယ်စပ်နှင့် တောင်တန်းဒေသများတွင် လိုအပ်ချက်အရ ဖွင့်လှစ်သော အချိန်ပြည့်ယောဂီ (၁၀)ဦး (သို့မဟုတ်) အချိန်ပိုင်းယောဂီ (၂၀)ဦး ရှိသော တရားရိပ်သာကို ဆိုသည်။

အခန်း(၂)

## ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့ ဖွဲ့စည်းခြင်း

၃။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့ဝင်ဆရာတော်များထဲမှ ဖြစ်စေ၊ ပြင်ပဆရာတော်များထဲမှ ဖြစ်စေ၊ အဖွဲ့ဝင်ဆရာတော်(၉)ပါး ပါဝင်သော ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့ကို ဖွဲ့စည်းပေးရမည်။(အခါအားလျော်စွာ လိုအပ်ခဲ့လျှင် ယင်းအဖွဲ့ကို ပြင်ဆင် ဖွဲ့စည်းပေးနိုင်သည်။)

၄။ အဖွဲ့ဝင်ဆရာတော်များသည် ရန်ကုန် စည်ပင်သာယာနယ်နိမိတ်အတွင်း သီတင်းသုံးသူ ဖြစ်ရမည်။

၅။ ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယ အဖွဲ့ဝင်ဆရာတော်များသည် ဖော်ပြလတ္တံ့ပါ အရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) သိက္ခာဝါ (၂၀)နှင့် အထက် ဖြစ်ခြင်း၊

(ခ) သာသနာပြုလုပ်ငန်းကို စိတ်ပါဝင်စားခြင်း၊

(ဂ) ခမာဇာဂရိယ စသော နာယကဂုဏ်နှင့် ပြည့်စုံခြင်း၊

(ဃ) ရဟန်းရှင်လူတို့၏ ကြည်ညိုလေးစားမှုကို ခံရခြင်း၊

(င) ပရိယတ္တိဂုဏ်နှင့် ပြည့်စုံခြင်း၊

(စ) သာသနာပြုလုပ်ငန်းကို ကျေပွန်အောင် ဆောင်ရွက်နိုင်စွမ်းရှိသည့် ကျန်းမာရေးနှင့် ပြည့်စုံခြင်း၊

(ဆ) ရဟန်းတော်များကို စီမံအုပ်ချုပ်မှု အတွေ့အကြုံရှိခြင်း၊

(ဓ) ပြည်တွင်း/ပြည်ပ သာသနာပြု လုပ်ငန်းတာဝန်နှင့် ရည်ရွယ်ချက်များ အောင်မြင်အောင် ဆောင်ရွက်လိုသည့် ဆန္ဒရှိခြင်း။

၆။ ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့ဝင်ဆရာတော်တစ်ပါး လစ်လပ်ပါက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က အစားထိုး ရွေးချယ် တာဝန်ပေးအပ်ရမည်။

၇။ အဖွဲ့ဝင်ဆရာတော်တစ်ပါးသည် အဖွဲ့မှ နုတ်ထွက်လိုလျှင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ အကျိုးအကြောင်းဖော်ပြ လျှောက်ထား၍ ခွင့်ပြုချက်ရပါက နုတ်ထွက်နိုင်သည်။

၈။ အဖွဲ့ဝင် ဆရာတော်တစ်ပါးသည် ဖော်ပြလတ္တံ့ပါ ဂုဏ်အင်္ဂါ အရည်အချင်း တစ်ရပ်ရပ် ချွတ်ယွင်းပါက အဖွဲ့ဝင်အဖြစ်မှ အလိုအလျောက် ပျက်ပြယ်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

(က) ပျံလွန်တော်မူခြင်း၊

(ခ) ရဟန်းအဖြစ်ကို စွန့်လွှတ်ခြင်း၊

(ဂ) ရဟန်းအဖြစ်မှ ဆုံးရှုံးခြင်း၊

(ဃ) ရန်ကုန် စည်ပင်သာယာနယ်နိမိတ်မှ အခြားတစ်ပါးသို့ အမြဲ ပြောင်းရွှေ့ သီတင်းသုံးခြင်း၊

(င) အဖွဲ့ဝင်ဆရာတော်အဖြစ် ဆက်လက်ဆောင်ရွက်ရန် မသင့်လျော်တော့ဟူ၍ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့က သတ်မှတ်ခံရခြင်း(သို့မဟုတ်)တာဝန်မှ နုတ်ပယ် ခံရခြင်း၊

(စ) အကြောင်း မလုံလောက်ဘဲ ပေးအပ်သော တာဝန်ကို ကျေပွန်စွာ မဆောင်ရွက်ခြင်း။

အခန်း (၃)

## ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့၏တာဝန် လုပ်ပိုင်ခွင့်နှင့် ခံစားပိုင်ခွင့်များ

၉။ ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့သည် ဤစည်းမျဉ်း၌ သတ်မှတ်ထားသော အခြေခံသာသနာပြုဌာန အခြေခံသာသနာပြု ဌာနခွဲတို့၌ သာသနာပြုရဟန်းတော်များကို ခန့်ထားခြင်း၊ ပြောင်းရွှေ့ခြင်း၊ ဖြုတ်ပယ်ခြင်း၊ အရေးယူခြင်း စသည့်လုပ်ငန်းတို့ကို ဆောင်ရွက်ရမည်။

၁၀။ အဖွဲ့သည် ဤစည်းမျဉ်း၌ လျာထားသောအခြေခံ သာသနာပြု ဌာနစိတ်များကို နယ်စပ်နှင့် တောင်တန်းဒေသများသာမက မြန်မာ တစ်နိုင်ငံလုံး၌ သင့်သလိုသတ်မှတ်၍ သာသနာပြု လူပုဂ္ဂိုလ် များကို ခန့်ထားနိုင်ရေးအတွက် လမ်းညွှန်မှု ပြုနိုင်သည်။

၁၁။ အဖွဲ့သည် ဤစည်းမျဉ်းအရ သတ်မှတ်ထားသော အခြေခံ သာသနာပြုဌာန၊ အခြေခံသာသနာပြုဌာနခွဲနှင့် အခြေခံ သာသနာပြု ဌာနစိတ်များအပြင် သာသနာပြုဌာနများကို ထပ်မံတိုးချဲ့ သတ်မှတ် ရန် လိုအပ်သည့်အခါ ဖော်ပြလတ္တံ့ပါ အချက်တစ်ခုခုနှင့် ပြည့်စုံလျှင် တိုးချဲ့ သတ်မှတ်နိုင်သည်။

(က) ဗုဒ္ဓဘာသာ သက်ဝင်ယုံကြည်မှု မရှိသေးသော လူဦးရေ (၅၀)အထက် ရှိခြင်း၊

(ခ) ဗုဒ္ဓဘာသာဝင်ဦးရေ ဆုတ်ယုတ်ရန် အလားအလာ ရှိခြင်း၊

(ဂ) ဗုဒ္ဓဘာသာဝင်များ ဖြစ်သော်လည်း ဗုဒ္ဓဘာသာ ယဉ်ကျေးမှု အားနည်း ခေါင်းပါးခြင်း၊

၁၂။ အဖွဲ့သည် နယ်စပ်ဒေသနှင့် တောင်တန်းဒေသများအတွင်း လိုအပ်သောဒေသ၌ ထေရဝါဒ ဗုဒ္ဓသာသနာပြု စာသင်တိုက်၊ ကမ္မဋ္ဌာန်းတိုက်များကို တည်ထောင် ဖွင့်လှစ်ပေးနိုင်သည်။

၁၃။ အဖွဲ့သည် အခြေခံသာသနာပြုဌာနများနှင့် အခြေခံသာသနာပြုဌာနခွဲများတွင် တာဝန် ထမ်းဆောင်နေကြသော ထေရဝါဒ ဗုဒ္ဓသာသနာပြု ရဟန်းတော်များနှင့် ထေရဝါဒ ဗုဒ္ဓသာသနာပြု စာသင်တိုက်များ၊ ကမ္မဋ္ဌာန်းတိုက်များမှ ရဟန်းတော်များကို တိုက်ရိုက် ကွပ်ကဲရမည်။

၁၄။ အဖွဲ့သည် ထေရဝါဒဗုဒ္ဓသာသနာပြုလူပုဂ္ဂိုလ်များအား သာသနာပြုလုပ်ငန်းများကို နည်းလမ်းတကျ ဆောင်ရွက်နိုင်ရေးအတွက် သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနသို့ သြဝါဒ ပေးနိုင်သည်။

၁၅။ အဖွဲ့သည် သာသနာပြုရဟန်းတော်များ သာသနာပြု စာသင်တိုက်များနှင့် ကမ္မဋ္ဌာန်းတိုက်များမှ ရဟန်းတော်များကို ထိရောက်စွာ စီမံအုပ်ချုပ် ကြီးကြပ်နိုင်ရေးအတွက် လိုအပ်သောညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများကို အခါအားလျော်စွာ ထုတ်ပြန်ညွှန်ကြားခြင်းနှင့် အဖွဲ့ကိုယ်စား(၁)ပါး၊ (၂)ပါးစသည် သွားရောက်စစ်ဆေး ညွှန်ကြားခြင်း ပြုရမည်။

၁၆။ အဖွဲ့သည် လိုအပ်သောဒေသများ၌ စေတီ၊ ပုထိုး၊ ကျောင်းကန်၊ ဇရပ်၊ ဓမ္မာရုံများ တည်ဆောက်နိုင်ရေးအတွက် သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနသို့ ညွှန်ကြားနိုင်သည်။

၁၇။ အဖွဲ့သည် သာသနာပြုလုပ်ငန်းများ၌ အထောက်အကူ ရရှိနိုင်ရေးကို ရှေးရှု၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ ထေရဝါဒဗုဒ္ဓသာသနာပြု ထောက်ပံ့ရေးအဖွဲ့များကို ဗဟိုအဆင့်၊ ပြည်နယ်/တိုင်းအဆင့်၊ မြို့နယ်အဆင့်နှင့် ရပ်ကွက်/ကျေးရွာအဆင့်အထိ အဆင့်ဆင့် ဖွဲ့စည်းနိုင်ရန် စီစဉ်ညွှန်ကြားဆောင်ရွက်ရမည်။

၁၈။ အဖွဲ့သည် ထေရဝါဒဗုဒ္ဓသာသနာပြု ထောက်ပံ့ရေးအဖွဲ့များ၏ သာသနာပြု ရန်ပုံငွေများကို သာသနာပြုလုပ်ငန်းများတွင်သာ စနစ်တကျထောက်ပံ့ အသုံးပြုရေးအတွက် စီစဉ် ညွှန်ကြား ဆောင်ရွက်ရမည်။

၁၉။ အဖွဲ့သည် သာသနာပြုများအား အခါအားလျော်စွာ သင်တန်း ပေးခြင်း၊ မွမ်းမံသင်တန်းပေးခြင်း၊ တွေ့ဆုံဆွေးနွေးပွဲများ ကျင်းပ ပေးခြင်း စသောလုပ်ငန်းများကို ဆောင်ရွက်ပေးရမည်။

၂၀။ အဖွဲ့သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သြဝါဒကိုခံယူ၍ သင့်တော်မည့် ရဟန်းတော်များအား သီးခြားစည်းကမ်း သတ်မှတ် ချက်ဖြင့် အထောက်အပံ့ခံ နိုင်ငံခြားသာသနာပြုအဖြစ် စေလွှတ် ခန့်ထားနိုင်သည်။

၂၁။ အဖွဲ့သည် ဖော်ပြလတ္တံ့ပါ ရည်ရွယ်ချက်များ အထမြောက် အောင်မြင်ရေးအတွက် လိုအပ်သလို စီစဉ်ဆောင်ရွက်ရမည်။

(က) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တောင်ပေါ် မြေပြန့်ရှိ တိုင်းရင်းသားအားလုံး ဗုဒ္ဓ သာသနာတော်၏ အနှစ်သာရဖြစ်သော သီလ၊ သမာဓိ၊ ပညာ ကောင်းကျိုးတရားများကို အပြည့်အဝ ရရှိခံစား နိုင်ကြစေရန်၊

(ခ) တောင်ပေါ် မြေပြန့်နေ တိုင်းရင်းသားများသည် မိမိတို့၏ ဘဝကို မြတ်ဗုဒ္ဓ၏ အဆုံးအမများဖြင့် ငြိမ်းချမ်းစွာ တည်ထောင်နိုင်ကြစေရန်၊

(ဂ) တိုင်းရင်းသားတို့၏ ရိုးရာ ယဉ်ကျေးမှုများကို ဗုဒ္ဓ ယဉ်ကျေးမှုများဖြင့် အားဆင့်၍ မြှင့်တင်ပေးနိုင်ရန်၊

(ဃ) တိုင်းရင်းသားများ ကိုယ်ကျင့်တရားကောင်းမွန်၍ လူမှု ရေးရာ၊ ယဉ်ကျေးသိမ်မွေ့မှုများ ပိုမို တိုးတက်လာစေရန်၊

(င) တိုင်းရင်းသားများ ရတနာ(၃)ပါးကို အားထား ဆည်းကပ် နိုင်ကြစေရန်၊

(စ) တိုင်းရင်းသားများ ဗုဒ္ဓစာပေတတ်မြောက်မှု တိုးပွား၍ ဗဟုသုတ ပွားများတိုးတက် ရရှိကြစေရန်၊

(ဆ) ဗုဒ္ဓစာပေ အသိဉာဏ်များဖြင့် သိပ္ပံပညာဆိုင်ရာ အယူအဆများကို ဝေဖန်ဆန်းစစ်၍ လက်ခံတတ်ကြစေရန်၊

(ဇ) ဗုဒ္ဓဘာသာ နည်းလမ်းများဖြင့် တိုင်းရင်းသား လူမျိုးအချင်းချင်း ခိုင်မြဲသောစည်းလုံးညီညွတ်မှု တိုးတက်ရရှိစေရန်၊

(ဈ) ဘာသာရေးစည်းလုံးညီညွတ်မှု ရရှိရာမှ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မြဲလာပြီး ဗုဒ္ဓသာသနာတော် အဓွန့်ရှည်စွာ တည်တံ့ ပြန့်ပွားရေးကို ပံ့ပိုးကူညီနိုင်စေရန်၊

(ည) နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က အခါအားလျော်စွာ လမ်းညွှန်ပေးအပ်သော တာဝန်များကို ဆောင်ရွက်ရန်၊

၂၂။ ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယ အဖွဲ့ဝင်ဆရာတော်များသည် သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနက လှူဒါန်းသော ဖော်ပြလတ္တံ့ပါ ပစ္စည်း(၄)ပါးနှင့် နဝကမ္မများကို ခံစားခွင့်ရှိသည်-

(က) နှစ်စဉ် ဝါဝင်ဝါထွက် သင်္ကန်းဒွိစုံ၊ ဆေးဝါးပစ္စည်းနှင့် အခြားလှူဖွယ်ပစ္စည်းများ၊

(ခ) ပျံလွန်တော်မူသောအခါ ဈာပနစရိတ်(ကျပ် ၅၀၀၀ိ/-)

(ဂ) သာသနာပြုလုပ်ငန်းအတွက် ခရီးကြွရောက်ရာ၌ ကုန်ကျစရိတ်နှင့် အထွေထွေစရိတ်များ၊

(ဃ) ရုံးထိုင်ခြင်း၊ အစည်းအဝေး တက်ရောက်ခြင်းများ အတွက် မော်တော်ယာဉ် ကြိုပို့မှု၊

(င) သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနနှင့် ထေရဝါဒ ဗုဒ္ဓသာသနာပြု ထောက်ပံ့ရေးဗဟိုအဖွဲ့တို့၏ အထွေထွေ ပင့်ဖိတ် လှူဒါန်းမှုများ။

အခန်း(၄)

## အစည်းအဝေးများ

၂၃။ ထေရဝါဒ ဗုဒ္ဓသာသနာပြု သြဝါဒါစရိယအဖွဲ့သည် သာသနာပြု ရဟန်းတော်များ ပေးပို့လာသောစာများကို ဖတ်ကြား သုံးသပ် အဆုံးအဖြတ်ပေးနိုင်ရန် တစ်ပတ်လျှင်(၃)ရက်ခန့် အလှည့်ကျ ရုံးထိုင်ရမည်။

၂၄။ ထေရဝါဒဗုဒ္ဓသာသနာပြု သြဝါဒါစရိယအဖွဲ့ အစည်းအဝေးသို့ တင်ပြသင့်သောစာများကို အဆုံးအဖြတ်ပေးနိုင်ရန် ပုံမှန် အစည်းအဝေးကို တစ်ပတ်လျှင်တစ်ကြိမ် ကျင်းပပြုလုပ်ရမည်။

၂၅။ အထူးအစည်းအဝေးကို အခါအားလျော်စွာ ကျင်းပပြုလုပ်နိုင်ရန် (၂၄)နာရီကြိုတင် ပင့်ဖိတ်ရမည်။

၂၆။ ပထမအကြိမ် ပုံမှန်အစည်းအဝေးတွင် အဖွဲ့ဝင်ဆရာတော် ၇၅-ရာခိုင်နှုန်း၊ နောက်ကျင်းပသော ပုံမှန်အစည်းအဝေးများတွင် အဖွဲ့ဝင်ဆရာတော် ၅၀-ရာခိုင်နှုန်း တက်ရောက်က အစည်းအဝေး အထမြောက်သည်။

၂၇။ ပထမအကြိမ် ပုံမှန်အစည်းအဝေးတွင် အဖွဲ့ဝင်ဆရာတော်များသည် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အကျိုးတော်ဆောင်နှင့် တွဲဖက် အကျိုးတော် ဆောင်တို့ကို ရွေးချယ်တင်မြှောက်ရမည်။

၂၈။ ပုံမှန်အစည်းအဝေး၊ အထူးအစည်းအဝေးများတွင် ဥက္ကဋ္ဌဆရာတော် သည် သဘာပတိအဖြစ်လည်းကောင်း၊ အကျိုးတော်ဆောင် ဆရာတော်သည် အခမ်းအနားမှူး အဖြစ်လည်းကောင်း ဆောင်ရွက် ရမည်။ ဥက္ကဋ္ဌဆရာတော်၊ အကျိုးတော်ဆောင် ဆရာတော်တို့

တာဝန်ထမ်းဆောင်ရန် မဖြစ်နိုင်သောအခါ ဒုတိယဥက္ကဋ္ဌဆရာတော်သည် သဘာပတိအဖြစ်လည်းကောင်း၊ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်သည် အခမ်းအနားမှူး အဖြစ်လည်းကောင်း ဆောင်ရွက်ရမည်။

၂၉။ အစည်းအဝေးတက်ရောက်သော အဖွဲ့ဝင်ဆရာတော်တို့သည် အစည်းအဝေးများတွင် စာတ်နိုင်သမျှ မဲ မခွဲရဘဲ ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် အတတ်နိုင်ဆုံး ဆွေးနွေး ညှိနှိုင်း ဆောင်ရွက်ရမည်။ မလွှဲမရှောင်သာ၍ မဲခွဲရပါလျှင် အစည်းအဝေးတက်ရောက်သော အဖွဲ့ဝင်ဆရာတော်တို့၏ ထက်ဝက်ကျော်ဆန္ဒဖြင့် ဆုံးဖြတ်ချက် ချမှတ်ရမည်။

၃၀။ အစည်းအဝေး တက်ရောက်ခြင်းနှင့် အစည်းအဝေးမှတ်တမ်းများကို မှတ်တမ်းစာအုပ်ဖြင့် လက်မှတ်ထိုး၍ မှတ်တမ်းတင် ထားရှိရမည်။ အစည်းအဝေးမှတ်တမ်း အဆုံးတွင် ပြီးဆုံးသော အချိန်နှင့်တကွ ဥက္ကဋ္ဌဆရာတော်နှင့် အကျိုးတော်တော်ဆောင် ဆရာတော်တို့က လက်မှတ်ရေးထိုး အတည်ပြုထားရှိရမည်။ (သို့မဟုတ်) အစည်းအဝေးမှတ်တမ်းကို သီးခြားရေးသား မှတ်တမ်းတင်ပြီး နောက် အစည်းအဝေးတွင် ဖတ်ကြား၍ အတည်ပြုချက်ကို ရယူရမည်။

၃၁။ အထူးအစည်းအဝေးမှတ်တမ်းများကို အထက်တွင် ဖော်ပြထားသည့် နည်းလမ်းအတိုင်း ဆောင်ရွက်ထားရှိပြီး အနီးကပ်ဆုံးဖြစ်သော ပုံမှန်အစည်းအဝေး၌ ထပ်မံဖတ်ကြား အတည်ပြုချက်ကို ရယူ ရမည်။

၃၂။ ပုံမှန်အစည်းအဝေးမှတ်တမ်း မိတ္တူများကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့နှင့် သာသနာရေးဝန်ကြီးဌာနသို့ ပေးပို့ရမည်။

၃၃။ ပုံမှန်အစည်းအဝေးတွင် အဖွဲ့ဝင်ဆရာတော်အရေအတွက် ထက်ဝက် မကျော်၍ အစည်းအဝေး အထမမြောက်လျှင် အကျိုးဆောင်

ဆရာတော်သည် အစည်းအဝေးကို အနည်းဆုံး (၂၄)နာရီ ခွာ၍ ရက်ချိန်း သတ်မှတ်ပေးပြီး ရွှေ့ဆိုင်းကြောင်း ကြေငြာရမည်။

၃၄။ ရွှေ့ဆိုင်းထားသော အစည်းအဝေးကို သတ်မှတ်သောနေ့တွင် ပြန်လည် ပြုလုပ်သောအခါ ဥက္ကဋ္ဌ၊ အကျိုးတော်ဆောင်နှင့် အဖွဲ့ဝင် (၃)ပုံ(၁)ပုံ တက်ရောက်ပါက အစည်းအဝေး အထမြောက်၍ ဆုံးဖြတ်ချက်များ ချမှတ်ဆောင်ရွက်နိုင်သည်။

၃၅။ အဖွဲ့ဝင်ဆရာတော်များ ရုံးထိုင်ခြင်း၊ အစည်းအဝေး တက်ရောက်ခြင်း၊ ပြန်ကြွခြင်းများအတွက် ယာဉ်စသော လိုအပ်သမျှတို့ကို သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနက စီစဉ်ဆောင်ရွက်ပေးရမည်။

အခန်း (၅)

## သာသနာပြုဌာနများ သတ်မှတ်ခြင်း

၃၆။ ထေရဝါဒ ဗုဒ္ဓသာသနာပြု သြဝါဒါစရိယအဖွဲ့သည် သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ဖွဲ့စည်းပုံအရ နယ်စပ်နှင့် တောင်တန်း ဒေသကို အခြေခံ၍ မြန်မာနိုင်ငံတစ်ဝန်းတွင် ထေရဝါဒ ဗုဒ္ဓ သာသနာပြု အခြေခံဌာနပေါင်း (၉၉)ဌာန၊ အခြေခံ သာသနာပြု ဌာနခွဲပေါင်း (၃၉၆)ဌာန၊ အခြေခံသာသနာပြု ဌာနစိတ်ပေါင်း (၁၁၈၈) ဌာန သတ်မှတ်ပေးရမည်။

၃၇။ မြို့နယ်တစ်ခုတွင် မြို့နယ်ရုံးစိုက်ရာမြို့အသီးသီး၌ အခြေခံသာသနာပြု ဌာနတစ်ခုစီ ထားရှိပြီး၊ ယင်းအခြေခံဌာနများကို ဗဟိုသာသနာပြု ဌာနများအဖြစ် သတ်မှတ်ရမည်။

၃၈။ မြို့နယ်တစ်ခုတွင် မူလရှိနှင့်သော သာသနာပြုဌာနများနှင့် အခြား လိုအပ်သော လက်အောက်ခံမြို့များ၊ ရွာကြီးများ၌ အခြေခံသာသနာပြု ဌာနခွဲများကို ထားရှိရမည်။

၃၉။ ကျေးရွာရပ်ကွက်များကို အခြေခံသာသနာပြု ဌာနစိတ်များအဖြစ် သတ်မှတ်ရမည်။

၄၀။ နယ်စပ်နှင့်တောင်တန်းဒေသများတွင် ထေရဝါဒဗုဒ္ဓသာသနာပြု စာသင်တိုက်၊ ကမ္မဋ္ဌာန်းတိုက်များကို လိုအပ်သလို သတ်မှတ် ဖွင့်လှစ်နိုင်သည်။

၄၁။ ထေရဝါဒ ဗုဒ္ဓသာသနာပြု သြဝါဒါစရိယအဖွဲ့မှ စေလွှတ် ခန့်ထား သော သာသနာပြုရဟန်းတော်များ သီတင်းသုံးနေထိုင်ရာ အခြေခံ သာသနာပြုဌာန၊ အခြေခံ သာသနာပြုဌာနခွဲ၊ သာသနာပြု

စာသင်တိုက်၊ ကမ္မဋ္ဌာန်းကျောင်းတိုက်များသည် အဖွဲ့ပိုင် ဖြစ်စေရမည်။

၄၂။ ထေရဝါဒဗုဒ္ဓသာသနာပြု အခြေခံဌာန၊ အခြေခံဌာနခွဲများတွင် အထောက်အပံ့ခံ သာသနာပြုရဟန်းတော် (၁)ပါးစီ စေလွှတ်ခန့်ထားရမည်။ အခြေခံသာသနာပြုဌာန၌ ခန့်ထားခြင်းခံရသော ရဟန်းတော်သည် သာသနာပြု ရဟန်းတော်ခေါင်းဆောင်ဖြစ်သည်။

၄၃။ အခြေခံသာသနာပြု ဌာနစိတ်များ၌ အထောက်အပံ့ခံ သာသနာပြု လူပုဂ္ဂိုလ်များကိုသာ ခန့်အပ်ရမည်။

၄၄။ သာသနာပြုလူပုဂ္ဂိုလ်များကို စေလွှတ်ခန့်ထားရာတွင် မြို့နယ်အလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ၊ သာသနာပြုကွက်များ (အခြေခံ သာသနာပြုဌာနစိတ်များ)ကို သင့်တော်သလို စုစည်း၍ သာသနာပြုဇုံအဖြစ် သတ်မှတ်ပြီး သာသနာပြုဇုံ တစ်ခုစီအတွက် သာသနာပြုလူပုဂ္ဂိုလ်တစ်ဦးစီကို သာသနာပြုလူပုဂ္ဂိုလ်ခေါင်းဆောင် အဖြစ် ရွေးချယ် သတ်မှတ်ခန့်ထားရမည်။

၄၅။ သာသနာပြုစာသင်တိုက်၊ ကမ္မဋ္ဌာန်းတိုက်များတွင် အကြည်ညိုခံ စာချနှင့် ကမ္မဋ္ဌာန်း နည်းပြများကို သင့်သလို စီစဉ်၍ စေလွှတ်ရမည်။

၄၆။ အကြည်ညို ခံ စာချနှင့် ကမ္မဋ္ဌာန်းနည်းပြများသည် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ (၃)လတစ်ကြိမ် လှူဒါန်းသော သာသနာပြုထောက်ပံ့မှု နဝကမ္မများကို ခံစားခွင့်မရှိစေရ။

အခန်း(၆)

# ထေရဝါဒ ဗုဒ္ဓသာသနာပြုများ ခန့်အပ်ခြင်း

ထေရဝါဒဗုဒ္ဓသာသနာပြု ရဟန်းတော်အဖြစ် ခန့်ထားခြင်း ခံရသော သာသနာပြုရဟန်းတော်များသည် ဖော်ပြလတ္တံ့ပါ အရည်အချင်းများနှင့် အများအားဖြင့် ပြည့်စုံရမည်။

(က) သိက္ခာ(၅)ဝါနှင့် (၅)ဝါအထက် အသက်(၂၅)နှစ်အထက် သက်တော် (၈၀)အတွင်း ဖြစ်ရမည်။ ခေါင်းဆောင်ရဟန်းတော်ဖြစ်က အနည်းဆုံးသိက္ခာ(၂၀)ဝါနှင့် အထက် အသက်(၄၀)နှစ်အထက် ဖြစ်ရမည်။

(ခ) သာသနာပြုအသစ်အဖြစ် စတင်ရွေးချယ် တာဝန်ပေးအပ်ရာတွင် အသက်(၅၀)နှစ်ထက် မကြီးစေရ။

(ဂ) ဗုဒ္ဓဘာသာနှင့်ပတ်သက်၍ မှန်ကန်သောအယူဝါဒကို နားလည်ရမည်။

(ဃ) အနည်းဆုံး သီလပေး၊ ရေစက်ချ၊ အနုမောဒနာတရားနှင့် ပရိတ်မေတ္တာဘာဝနာများကို အလွတ်ရရှိပြီး ကောင်းစွာဆောင်ရွက်နိုင်ရမည်။ ခေါင်းဆောင် ရဟန်းတော်ဖြစ်လျှင် အနည်းဆုံး ပထမကြီးတန်း အောင်မြင်ရမည်။ (လုပ်ငန်းတာဝန်များ ထိရောက်စွာ စွမ်းဆောင်နိုင်သော ပုဂ္ဂိုလ်ဖြစ်လျှင် ဩဝါဒါစရိယအဖွဲ့မှ ချွင်းချက်ဖြင့် ခန့်ထားနိုင်သည်။)

(င) သာမှု၊ နာမှု၊ သုမင်္ဂလ၊ ဒုမင်္ဂလဆိုင်ရာကိစ္စတို့ကို ညွှန်ပြ ဆောင်ရွက်နိုင်စွမ်း ရှိရမည်။

(ဓ) ဗုဒ္ဓဘာသာ သာသနာအဆုံးအမ ခံယူစေခြင်း၊ ရှင်ပြုပေးခြင်း၊ ရဟန်းခံပေးခြင်း စသော ဘာသာရေးအခြေခံ ကံကြီး၊ ကံငယ်လုပ်ငန်းများကို စီစဉ်ဆောင်ရွက်နိုင်ရမည်။

(ဆ) ဝါဆိုပွဲ၊ ပဝါရဏာပွဲ၊ ကထိန်ပွဲ၊ ဗုဒ္ဓပူဇနီယပွဲတို့ကို ထေရဝါဒ ဗုဒ္ဓတရားတော်နှင့်အညီ ဖြစ်အောင် စီစဉ်ဆောင်ရွက်နိုင်ရမည်။

(ဇ) အခြေခံဘာသာရေး သင်ခန်းစာများကို သင်ကြား ပို့ချပေးနိုင်ရမည်။

(ဈ) ဝိပဿနာကမ္မဋ္ဌာန်း အားထုတ်လိုသူများအား အခြေခံဝိပဿနာတရားကို ပြသနိုင်ရမည်။

(ည) သာသနာပြုရဟန်းတော်အဖြစ် စတင်ရွေးချယ် ခန့်အပ်ချိန်တွင် ကျန်းမာရေးအထူးပြည့်စုံ၍ စေလွှတ်ရာဌာနသို့ သွားရောက်နိုင်သူ ဖြစ်ရမည်။

(ဋ) ဝိနည်းသိက္ခာပုဒ်နှင့် ပတ်သက်၍ ဂရုကအာပတ်ကြီးများ ကင်းရှင်းပြီး၊ နာယကဂုဏ်နှင့် ပြည့်စုံ၍ လူအများ ကြည်ညို လေးစားနိုင်လောက်သော ကိုယ်အမူအရာ၊ နှုတ်အမူအရာနှင့် ပြည့်စုံသူ ဖြစ်ရမည်။

(ဌ) နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ညွှန်ကြား ထားသော ညွှန်ကြားလွှာများနှင့်အညီ နေထိုင်သော ပုဂ္ဂိုလ် ဖြစ်ရမည်။

(ဍ) နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားသော သာသနာရေးဆိုင်ရာဥပဒေများ၊ အမိန့်များကို သိရှိနားလည်ပြီး လိုက်နာကျင့်သုံးသောပုဂ္ဂိုလ် ဖြစ်ရမည်။

(ဎ) ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့၏ ညွှန်ကြားချက်များနှင့် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒအရ သာသနာတော် ထွန်းကား ပြန့်ပွားရေး

ဦးစီးဌာနက ချမှတ်ထားသော စည်းကမ်းများကို လိုက်နာ ဆောင်ရွက်နိုင်သော ပုဂ္ဂိုလ်ဖြစ်ရမည်။

(ဏ) ထေရဝါဒဗုဒ္ဓသာသနာပြု ခေါင်းဆောင် ရဟန်းတော်၏ ဦးဆောင်မှုကို ခံယူနိုင်သူ ဖြစ်ရမည်။

(တ) အနည်းဆုံး(၃)နှစ် သာသနာပြုလုပ်ငန်းကို ဆောင်ရွက်ပါမည်ဟု ဝန်ခံကတိပြု လက်မှတ်ရေးထိုးရမည်။

၄၈။ ထေရဝါဒ ဗုဒ္ဓသာသနာပြုစာသင်တိုက် စာချရဟန်းတော် ကမ္မဋ္ဌာန်းတိုက် နည်းပြများသည် ဖော်ပြလတ္တံ့ပါ ဂုဏ်အရည်အချင်းနှင့် ပြည့်စုံသူ ဖြစ်ရမည်။

(က) စာသင်တိုက်စာချများသည် အထက်ဖော်ပြပြီး သာသနာပြု ရဟန်းတော်များ၏ အရည်အချင်းများနှင့် ပြည့်စုံရမည့်အပြင် ဓမ္မာစရိယ အောင်မြင်ပြီး (သို့မဟုတ်) ဓမ္မာစရိယ အရည်အချင်းရှိသူ ဖြစ်ပြီး စာသင်တိုက် တစ်ခုခုတွင် စာချအဖြစ် အတွေ့အကြုံရှိပြီးသူ ဖြစ်ရမည်။

(ခ) ကမ္မဋ္ဌာန်းနည်းပြများသည် ဖော်ပြပြီး သာသနာပြု ရဟန်းတော်များ၏ အရည်အချင်းများနှင့် ပြည့်စုံရမည့် အပြင် ထင်ရှားသော ကမ္မဋ္ဌာန်းတိုက်တစ်ခုခု၌ တရားအားထုတ်ဖူးပြီး တရားပြ၊ တရားစစ်လုပ်ငန်းကို လက်တွေ့ ဆောင်ရွက်နေသူ/ဆောင်ရွက်ဖူးသူ ဖြစ်ရမည်။

(ဂ) သာသနာပြုစာသင်တိုက်၊ ကမ္မဋ္ဌာန်းတိုက်၌ သာသနာပြု နေထိုင်သော သာသနာပြုများသည် ယင်းကျောင်းတိုက်၌ တစ်သက်တစ်ပျော် နေထိုင် သီတင်းသုံးသွားနိုင်ခွင့်ရှိသည်။

(ဃ) ယင်းကျောင်းများကို ထေရဝါဒ ဗုဒ္ဓ သာသနာပြု ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ သဘောတူ ခွင့်ပြုချက် မရှိဘဲ၊ မည်သူ့ကိုမျှ လွှဲအပ်ခြင်း မပြုရ။

၄၉။ သာသနာပြုလူပုဂ္ဂိုလ်များသည် ဖော်ပြလတ္တံ့ပါ အရည်အချင်းများနှင့် ပြည့်စုံရမည်–

(က) အသက်(၁၈)နှစ်အထက် (၅၀)နှစ်အတွင်း ဖြစ်ရမည်။ (လက်တွေ့ အကျိုးရှိအောင် ဆောင်ရွက်နိုင်သူဖြစ်က ၅၀–နှစ် သတ်မှတ်ချက်ကို ချွင်းချက်အဖြစ် တိုးမြှင့်စဉ်းစားနိုင်သည်။)

(ခ) အကျင့်စာရိတ္တ ကောင်းမွန်သူ ဖြစ်ရမည်။

(ဂ) တာဝန်ကျရာ သာသနာပြုအရပ်ဒေသ၊ လူမျိုးများ၏ ဓလေ့ထုံးတမ်းကို အထိုက်အလျောက် နားလည်သူ ဖြစ်ရမည်။

(ဃ) သာသနာပြုအရပ်ဒေသရှိ ဒေသခံများ၏ ဘာသာစကားကို အထိုက်အလျောက် ပြောဆိုနိုင်ရမည်။

(င) စိတ်ရှည်၊ ဖွဲ့သန်၊ သည်းညည်းခံ၍ ထိုးဖောက်ဝင်ရောက်စည်းရုံးနိုင်သော စွမ်းရည်သတ္တိ ရှိရမည်။

(စ) ဗုဒ္ဓဘာသာအကြောင်းကို နားလည်သူ ဖြစ်ရမည်။

(ဆ) ရဟန်း သံဃာများ နေထိုင်ကျင့်ကြံပုံအကြောင်းကို သိရှိနားလည်ပြီး ရဟန်း သံဃာတော်များ၏ သီလ၊ သမာဓိ၊ ပညာတို့ကို အထောက်အကူပြုနိုင်သူ ဖြစ်ရမည်။

(ဇ) ဘုရားစေတီများ၊ ရုပ်ပွားဆင်းတုတော်များ ရှိခိုးပူဇော်မှု အကြောင်းကို သိရမည်။

(ဈ) ရှိခိုးဦးချနည်းမှစ၍ အခြေခံဗုဒ္ဓဘာသာ ဓလေ့ထုံးတမ်းများကို နားလည် လိုက်နာရမည်။

(ည) နိုင်ငံတော်နှင့်သာသနာတော်ကို ဆန့်ကျင်သူ မဖြစ်စေရ။

(ဋ) ကျန်းမာရေးနှင့် ပြည့်စုံသူ ဖြစ်ရမည်။

(ဌ) သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနက ချမှတ်ထားသော စည်းမျဉ်း စည်းကမ်းများကို လိုက်နာသူ ဖြစ်ရမည်။

(ဍ) နီးစပ်ရာသာသနာပြုရဟန်းတော်များ၊ ရပ်ကွက်၊ကျေးရွာနှင့် မြို့နယ် သံဃနာယကအဖွဲ့များ၏ ဩဝါဒများနှင့် မဆန့်ကျင်အောင် ဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

(ဎ) သက်ဆိုင်ရာမြို့နယ် သာသနာရေးမှူး၊ သာသနာပြု လူပုဂ္ဂိုလ် ခေါင်းဆောင်၏ ဦးဆောင်မှုကို ခံယူနိုင်သူ ဖြစ်ရမည်။

(ဏ) စေလွှတ်ရာ သာသနာပြုကွက်သို့ သွားရောက်ပြီး အနည်းဆုံး (၃)နှစ် သာသနာပြုလုပ်ငန်းကို ဆောင်ရွက်ပါမည်ဟု ဝန်ခံကတိပြု လက်မှတ်ရေးထိုးရမည်။

၅၀။ သာသနာပြုရဟန်းတော်များ စာသင်တိုက် စာချရဟန်းတော်များနှင့် ကမ္မဋ္ဌာန်းနည်းပြများ ခန့်ထားခြင်း၊ ဖြုတ်ပယ်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ အရေးယူခြင်း စသည့် ကိစ္စတို့ကို ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ ဥက္ကဋ္ဌ (သို့မဟုတ်) အကျိုးတော်ဆောင် ဆရာတော်က လက်မှတ်ရေးထိုး ဆောင်ရွက်ရမည်။

၅၁။ သာသနာပြုရဟန်းတော် ခန့်ထားခြင်း စသည်တို့အတွက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က လမ်းညွှန်မှုပေးလာလျှင် ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့သည် ယင်းလမ်းညွှန်ချက် အတိုင်း လိုက်နာကျင့်သုံးရမည်။

၅၂။ သာသနာပြု ရဟန်းတော် ခန့်ထားခြင်း စသည်တို့အတွက် အဖွဲ့တွင် အခက်အခဲ ပြဿနာ ကြုံတွေ့လျှင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ လမ်းညွှန်ချက်ကို တောင်းခံနိုင်သည်။

၅၃။ ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့သည် ခန့်အပ်ပြီးသော သာသနာပြုရဟန်းတော်(၁)ပါးကို တာဝန်မှရပ်စဲရန် အကြောင်း လုံလောက်စွာ တွေ့ရှိလျှင်လည်းကောင်း၊ ဂုဏ်အင်္ဂါ အရည်အချင်း ပျက်ယွင်းမှုကို တွေ့ရှိလျှင်လည်းကောင်း အဖွဲ့၏ ပုံမှန်အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် ထိုက်သင့်သောကာလအတွင်း ထိုရဟန်းတော်ထံ အကြောင်းကြား၍ ရပ်စဲရမည်။

၅၄။ သာသနာပြုရဟန်းတော်တစ်ပါးသည် အောက်ဖော်ပြပါ အင်္ဂါရပ် တစ်ခုသော်လည်းကောင်း၊ တစ်ခုထက် ပို၍သော်လည်းကောင်း ဖြစ်ပွားလျှင် ဂုဏ်အင်္ဂါအရည်အချင်း ပျက်ယွင်းသည်ဟု မှတ်ယူ ရမည်–

(က) ပျံလွန်တော်မူခြင်း၊

(ခ) ရဟန်းအဖြစ်ကို စွန့်လွှတ်ခြင်း၊

(ဂ) ရဟန်းအဖြစ်မှ ဆုံးရှုံးခြင်း၊

(ဃ) စိတ်ပျံ့လွင့် ရူးသွပ်ခြင်း၊

(င) ကုဋ္ဌနူနာ (သို့မဟုတ်) မကောင်းသောရောဂါ ရခြင်း၊

(စ) တစ်ပါးသောအယူသို့ ကူးပြောင်းသွားခြင်း၊

(ဆ) စာရိတ္တနှင့် ပတ်သက်သော ပြစ်မှုဥပဒေဖြင့် အပြစ်ပေး ခံရခြင်း။

(ဇ) အဖွဲ့၏ညွှန်ကြားချက်ကို ခံယူရန် ပျက်ကွက်ခြင်း၊

(ဈ) အဖွဲ့၏ ခွင့်ပြုချက်မရဘဲ မိမိတာဝန်ကျရာ ဌာနမှ တစ်ပါးသော အရပ်ဒေသသို့ တစ်လထက်ကျော်လွန်၍ သွားရောက် သီတင်းသုံးခြင်း၊

(ည) သုံးကြိမ်တိတိ သတိပေးခံရပြီး ဖြစ်ခြင်း။

၅၅။ ဗုဒ္ဓသာသနာပြု ရဟန်းတော်တစ်ပါးသည် နာမည်ကျော်ကြားလျက် အန္တိမဝတ္ထုဖြင့် အစွပ်စွဲခံရလျှင် (သို့မဟုတ်)ဒေသဆိုင်ရာ ရဟန်းရှင် လူတို့ အကြည်ညိုပျက်ဖွယ် အမှုကိစ္စကို ကျူးလွန်လျှင် ထို ရဟန်းတော်အား အဖွဲ့သို့ ပြန်လည်ခေါ်ယူ စစ်ဆေး၍ အနည်းဆုံး

ဌာနပြောင်းရွှေ့ခြင်းကို ခံယူရမည်။ အကြောင်းလုံလောက်လျှင် သာသနာပြုရဟန်းတော် အဖြစ်မှ ရပ်စဲရမည်။

၅၆။ ထေရဝါဒ ဗုဒ္ဓသာသနာပြု ရဟန်းတော်သည် ပေးအပ်ထားသော တာဝန်များကို ကျေပွန်စွာ ဆောင်ရွက်ခြင်းမပြုကြောင်း သိရှိရလျှင် တာဝန်မကျေမှု အနည်းအများအလိုက် အဖွဲ့မှ ထိုက်သင့်သော အရေးယူခြင်းကို ခံရမည်။

၅၇။ သာသနာပြု လူပုဂ္ဂိုလ်များ ခန့်ထားခြင်း၊ ဖြုတ်ပယ်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ အရေးယူခြင်း စသည့်ကိစ္စတို့ကို သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနက တိုက်ရိုက်ဆောင်ရွက်ရမည်။

၅၈။ ထေရဝါဒဗုဒ္ဓသာသနာပြု သြဝါဒါစရိယအဖွဲ့သည် သာသနာပြု လူပုဂ္ဂိုလ်များကို လိုအပ်သောဒေသများ၌ ခန့်ထားခြင်း စသည်တို့ အတွက် သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနသို့ လမ်းညွှန်မှု ပြုနိုင်သည်။

၅၉။ ခန့်အပ်ပြီးသော လူပုဂ္ဂိုလ်တစ်ဦးကို သာသနာပြုတာဝန်မှ ရပ်စဲရန် အကြောင်းလုံလောက်စွာ တွေ့ရှိလျှင်လည်းကောင်း၊ ဂုဏ်အင်္ဂါ အရည်အချင်း ပျက်ယွင်းလျှင်လည်းကောင်း တာဝန်မှ ရပ်စဲမှု ပြုရမည်။

၆၀။ သာသနာပြု လူပုဂ္ဂိုလ်တစ်ဦးသည် အောက်ဖော်ပြပါ ဂုဏ်အင်္ဂါ တစ်ခုသော်လည်းကောင်း၊ တစ်ခုထက်ပို၍သော်လည်းကောင်း ဖြစ်ပွားလျှင် ဂုဏ်အင်္ဂါ အရည်အချင်း ပျက်ယွင်းသည်ဟု မှတ်ယူ ရမည်။

(က) သေဆုံးခြင်း၊

(ခ) ဘာသာတစ်ပါးသို့ ကူးပြောင်းသွားခြင်း၊

(ဂ) အရပ်တစ်ပါးသို့ အမြဲပြောင်းရွှေ့သွားခြင်း၊

(ဃ) စိတ်ပျံ့လွင့် ရူးသွပ်ခြင်း၊

(င) ကုဋ္ဌနူနာ(သို့မဟုတ်) မကောင်းသောရောဂါ စွဲကပ်ခြင်း၊

(စ) အစိုးရဥပဒေအရ ပြစ်မှုတစ်ခုခုဖြင့်ထောင်ကျခြင်း၊
(ဆ) ဆက်လက် တာဝန်ထမ်းဆောင်ရန် စွမ်းဆောင်နိုင်မှု မရှိတော့ခြင်း၊
(ဇ) ညွှန်ကြားချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် အကြိမ်များစွာ ပျက်ကွက်ခြင်း၊
(ဈ) ညွှန်ကြားချက်မရှိဘဲ မိမိတာဝန်ကျရာဒေသမှ အခြားတစ်ပါးသို့ ရက်၊ လများစွာ သွားရောက် နေထိုင်ခြင်း၊
(ည) သုံးကြိမ်တိတိ သတိပေးခံရပြီးသူ ဖြစ်ခြင်း။

၆၁။ သာသနာပြု လူပုဂ္ဂိုလ်တစ်ဦးသည် ဒေသခံ ဗုဒ္ဓဘာသာဝင် အများစုက မလိုလားပါလျှင် နေရာပြောင်းရွှေ့ခြင်း စသည်ဖြင့် လိုအပ်သလို အရေးယူခံရမည်။

၆၂။ သာသနာပြု လူပုဂ္ဂိုလ်တစ်ဦးသည် ပေးအပ်သောတာဝန်ကို ကျေပွန်စွာဆောင်ရွက်ခြင်းမပြုကြောင်း၊ ချမှတ်ထားသောစည်းကမ်းလမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ခြင်းမပြုကြောင်း သိရှိရလျှင် တာဝန်မကျေမှု စည်းကမ်းညွှန်ကြားချက် မလိုက်နာမှု အနည်းအများအလိုက် သာသနာတော် ထွန်းကား ပြန့်ပွားရေး ဦးစီးဌာန၏ ထိုက်သင့်သောအရေးယူမှုကို ခံရမည်။

အခန်း (၇)

## သာသနာပြုများ၏ လုပ်ငန်းတာဝန်နှင့် ရပိုင်ခွင့် ခံစားခွင့်များ

၆၃။ သာသနာပြုရဟန်းတော်များ ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများမှာ ဖော်ပြလတ္တံ့ပါအတိုင်း ဖြစ်သည်-

(က) မိမိတာဝန်ကျသောကျောင်း၌ နေထိုင်သီတင်းသုံး၍ သာသနာပြုတာဝန်များ ဆောင်ရွက်ရမည်။

(ခ) အရည်အချင်း သတ်မှတ်ချက်တွင် ဖော်ပြထားသော ဘာသာရေးလုပ်ငန်းများကို တာဝန်တစ်ရပ်အဖြစ် သတ်မှတ် ဆောင်ရွက်ရမည်။

(ဂ) မကြည်ညိုသေးသောသူများ ကြည်ညိုစေရန်၊ ကြည်ညိုပြီးသူများ အကြည်ညို တိုးပွားစေရန် နေထိုင်ပြောဆိုဆက်ဆံရမည်။

(ဃ) မိမိထံသို့အပ်နှံလာသော ဗုဒ္ဓဘာသာမဖြစ်သေးသူများကို ဗုဒ္ဓဘာသာ သာသနာ့တော်အဆုံးအမ ခံယူစေပြီး အခြေခံ ဗုဒ္ဓဘာသာသင်ခန်းစာများကို သင်ကြားပေးရမည်။

(င) ဗုဒ္ဓဘာသာဖြစ်ပြီးသူများအားလည်း အရွယ်ကိုလိုက်၍ ဗုဒ္ဓဘာသာတရားကို သင်ကြားပို့ချဟောပြောပေးရမည်။

(စ) မိမိတာဝန်ကျရာ သာသနာပြုဌာနကျောင်းတွင် ကလေးများကို စုစည်း မွေးမြူ၍ ပရဟိတကျောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းဖြစ်အောင် ကြိုးစားအားထုတ်ရမည်။

(ဆ) ကမ္မဋ္ဌာန်းတိုက် မဟုတ်သော်လည်း ကမ္မဋ္ဌာန်း ထိုင်လိုသူများ ဗုဒ္ဓဘာသာဝင် မဟုတ်သေးသော်လည်း ဗုဒ္ဓဘာသာတရားကို လေ့လာလိုသူများအား အခြေခံ

ဝိပဿနာတရား၊ အခြေခံ ဗုဒ္ဓဒေသနာတော်များကို ပြသဟောပြောပေးရမည်။

(ဇ) မိမိပတ်ဝန်းကျင်ရှိ အခြားဘာသာများ၏ အနေအထား ဆောင်ရွက်ချက်တို့ကို မပြတ်လေ့လာ၍ မိမိလုပ်ငန်း တိုးတက်အောင် ဆောင်ရွက်ရမည်။

(ဈ) မြတ်စွာဘုရားရှင်ကို နည်းယူ၍ ဘာသာခြားများနှင့် လိုအပ်သလို ကောင်းမွန်စွာဆက်ဆံပြီး ထိုသူတို့အား ဗုဒ္ဓတရားတော်များကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ သိရှိနားလည်စေရန် ပြောဆိုဟောပြောရမည်။

(ည) ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယဆရာတော် များ၏ ညွှန်ကြားချက်များနှင့် ဆရာတော်များ၏ ဩဝါဒအရ သာသနာတော် ထွန်းကား ပြန့်ပွားရေး ဦးစီးဌာနက သတ်မှတ်ပေးသော တာဝန်ဝတ္တရားများကို မပျက်မကွက်ဆောင်ရွက်ရမည်၊

(ဋ) သက်ဆိုင်ရာ သာသနာပြုခေါင်းဆောင် ရဟန်းတော်၏ ကြီးကြပ်မှုကို ခံယူ၍ ဆောင်ရွက်ရမည်၊

(ဌ) သံဃာ့ အဖွဲ့အစည်းများနှင့် ဆန့်ကျင်မှု မရှိဘဲ သက်ဆိုင်ရာ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်၏ လမ်းညွှန်ချက်ကို ခံယူ၍ ဆောင်ရွက်ရမည်၊

(ဍ) နီးစပ်ရာ သာသနာပြု လူပုဂ္ဂိုလ်များအား နည်းလမ်း တကျ သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်စေနိုင်ရေး အတွက် လမ်းညွှန်မှု ပေးရမည်၊

(ဎ) သာသနာပြုလုပ်ငန်းအတွက် အခက်အခဲ ကြုံတွေ့လာ ပါက သက်ဆိုင်ရာ ခေါင်းဆောင်ဆရာတော်၊ မြို့နယ် သံဃနာယကအဖွဲ့နှင့် သာသနာတော် ထွန်းကားပြန့်ပွား ရေး ဦးစီးဌာနမှ ခန့်အပ်တာဝန်ပေးအပ်သော မြို့နယ်၊

ပြည်နယ်/တိုင်း သာသနာရေးမှူးများနှင့် ညှိနှိုင်း ဆောင်ရွက်ရမည်၊ ပြေလည်မှု မရှိသေးပါက ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့သို့ တင်ပြရမည်။

(ဏ) မိမိတို့ သီတင်းသုံးနေထိုင်ရာ သာသနာပြုဌာနကျောင်း တိုးတက် စည်ပင်ရေးအတွက် ဆောင်ရွက်ရာတွင် လိုအပ်သော ပံ့ပိုးမှု ထောက်ပံ့ရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ ထေရဝါဒ ဗုဒ္ဓ သာသနာပြု ထောက်ပံ့ရေးအဖွဲ့၊ ကျောင်းဒကာ/ ဒကာမများနှင့် ညှိနှိုင်း၍ ဆောင်ရွက်ရမည်၊ လုံလောက်မှု မရှိသေးပါက သက်ဆိုင်ရာ မြို့နယ်၊ ပြည်နယ်/တိုင်း နှင့် ဗဟို ထေရဝါဒ ဗုဒ္ဓသာသနာပြု ထောက်ပံ့ရေးအဖွဲ့ အဆင့်ဆင့်နှင့် ထေရဝါဒဗုဒ္ဓသာသနာပြု ဩဝါဒါစရိယ အဖွဲ့သို့ တင်ပြ၍ အကူအညီတောင်းခံနိုင်သည်။

(တ) မိမိတို့ ကျရောက်ရာ သာသနာပြုဌာန ရပ်ကွက်၊ ကျေးရွာ မြို့နယ်၌ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ် သာသနာပြု ထောက်ပံ့ရေးအဖွဲ့ကို ဖွဲ့စည်း ထားရှိရေး အတွက် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ် သံဃနာယကအဖွဲ့ကို သံဃနာယကအဖွဲ့ မရှိက သတ်မှတ်နာယကနှင့် သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများကို ထောက်ပံ့ရေးအဖွဲ့ ဖွဲ့စည်းနိုင်ရန် နှိုးဆော်တိုက်တွန်းရမည်။

၆၄။ ထေရဝါဒ ဗုဒ္ဓသာသနာပြုရဟန်းတော်များ၏ ရပိုင်ခွင့် ခံစားခွင့် များမှာ ဖော်ပြလတ္တံ့ပါအတိုင်း ဖြစ်သည်။

(က) ထေရဝါဒ ဗုဒ္ဓသာသနာပြု ရဟန်းတော်သည် ခေါင်း ဆောင်ဖြစ်လျှင် တစ်လ ၁၀၀၀ိ/-၊ လက်ထောက် ဖြစ်လျှင် တစ်လ ၉၀၀ိ/-နှုန်းဖြင့် (၃)လ တစ်ကြိမ် သာသနာတော် ထွန်းကား ပြန့်ပွားရေး ဦးစီးဌာနက ထောက်ပံ့လှူဒါန်းသော နဝကမ္မကို ခံစားခွင့်ရှိသည်၊

(ခ) နှစ်စဉ် လှူဒါန်းသော ဝါဝင်၊ ဝါထွက်၊ သင်္ကန်းဒွိစုံ၊ သေနာသန အသုံးအဆောင်များနှင့် ဆေးပစ္စည်းများ ထောက်ပံ့မှုကို ခံစားခွင့်ရှိသည်၊

(ဂ) မိမိအား ရည်စူး၍ ဒါယကာ၊ ဒါယိကာမများ လှူဒါန်းသော သင်္ကန်းစသော လဟုဘဏ်ပစ္စည်းများကို ပုဂ္ဂလိကအဖြစ် သုံးဆောင်ခွင့် ရှိသည်၊

(ဃ) နာမကျန်း ဖြစ်သောအခါ ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆေးကုသ ခံယူခြင်းနှင့် စပ်လျဉ်း၍ သာသနာတော် ထွန်းကား ပြန့်ပွားရေး ဦးစီးဌာနက လှူဒါန်းသော ကုန်ကျစရိတ်များကို ခံစားခွင့်ရှိသည်၊

(င) (၃)နှစ်ပြည့်၍ အနားယူလိုသော်လည်းကောင်း၊ ဌာန ပြောင်းရွှေ့လိုသော်လည်းကောင်း၊ မိဘရပ်ထံ ပြန်လို သော်လည်းကောင်း၊ ကြိုတင်ခွင့် တောင်းခံ၍ အနားယူ ခွင့်၊ ပြောင်းရွှေ့ခွင့်၊ မိဘရပ်ထံ ပြန်ခွင့်ရှိသည်၊ သာသနာတော် ထွန်းကား ပြန့်ပွားရေး ဦးစီးဌာနက လှူဒါန်းသော ယင်းအတွက် ကုန်ကျစရိတ်များကိုလည်း ခံစားခွင့်ရှိသည်၊

(စ) (၃)နှစ်မပြည့်မီ ကာလအတွင်း၌ မမျှော်လင့်ဘဲ ဆရာသမားရင်း၊ မိဘရင်း နာရေးကိစ္စဖြင့် သွားရောက် ရန် ရှိပါက ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယ အဖွဲ့သို့ အရေးပေါ် ခွင့်ပြုချက်တောင်းခံ၍ သွားရောက် ခွင့် ရှိသည်။ အဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ မည်သည့်ခရီး သွားလာမှုအတွက်မျှ ခရီးစရိတ် တောင်းခံပိုင်ခွင့် မရှိစေရ၊

(ဆ) ဩဝါဒါစရိယအဖွဲ့ထံ ခွင့်မပန်ဘဲ မည်သည့်ခရီးကိုမျှ သွားလာခွင့်မရှိစေရ၊

(ဇ) ထေရဝါဒ ဗုဒ္ဓသာသနာပြုရဟန်းတော်များသည် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများအရ သက်ဆိုင်ရာ သံဃာ့အဖွဲ့အစည်းများတွင် ရွေးချယ် တင်မြှောက်ခြင်းခံရပါက မိမိ၏သာသနာပြုလုပ်ငန်းကို မထိခိုက်စေဘဲ သံဃာ့အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်ကို ဆောင်ရွက်ခွင့်ရှိသည်၊

(ဈ) မိမိတာဝန်ကျရာ သာသနာပြုကျောင်းတွင် တစ်သက်တစ်ပျော် နေထိုင်ပိုင်ခွင့်ရှိ၍ အသက်အရွယ်ကြီးသဖြင့် သာသနာပြု လုပ်ငန်းတာဝန်ကို ထမ်းဆောင်ရန် အခက်အခဲရှိပါက မိမိအား အထောက်အကူ ပေးနိုင်သည့် သာသနာပြု ရဟန်းတော်တစ်ပါးကို တောင်းခံပိုင်ခွင့်ရှိသည်၊

(ည) သာသနာပြုလုပ်ငန်းကို ဆောင်ရွက်စဉ် ပျံလွန်တော်မူလျှင် သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနက ကျပ်ငွေ ရိတ်(၃၀၀၀ိ/-) လှူဒါန်းမည် ဖြစ်သည်၊

(ဋ) ထေရဝါဒဗုဒ္ဓသာသနာပြု ရဟန်းတော်သည် တာဝန်ပေးအပ်သော သာသနာပြုလုပ်ငန်းမှ နုတ်ထွက်လိုပါက ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့သို့ အနည်းဆုံး တစ်လကြိုတင် လျှောက်ထားပြီး ခွင့်ပြုချက်ရလျှင် နုတ်ထွက်ခွင့် ရှိသည်၊

(ဌ) နုတ်ထွက်ခွင့် ရရှိပြီးသည့်အခါ၌သော်လည်းကောင်း၊ အခြားသာသနာပြုကျောင်းသို့ ခွင့်ပြုချက်ဖြင့် ပြောင်းရွှေ့သွားရလျှင်သော်လည်းကောင်း၊ မိမိပိုင် မဟုတ်သော ကျောင်း၊ ကျောင်းသုံးပရိဘောဂ ဝတ္ထုပစ္စည်း စသည်တို့ကို ယင်းကျောင်းသို့ နောက်ကြွလာသည့် သာသနာပြု ရဟန်းတော်အား (သို့မဟုတ်) သက်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြု ထောက်ပံ့ရေးအဖွဲ့အား စာရင်းနှင့်တကွ

လွှဲပြောင်းအပ်နှံရမည်။ လွှဲအပ်ပြီးကြောင်း အစီရင်ခံစာကို ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့နှင့် သက်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု ထောက်ပံ့ရေးအဖွဲ့အဆင့်ဆင့်သို့ ပေးပို့ရမည်။

(ဍ) ထေရဝါဒ ဗုဒ္ဓသာသနာပြု ရဟန်းတော်သည် မိမိ၏ သာသနာပြုလုပ်ငန်း အစီရင်ခံစာကို ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့က ညွှန်ကြားထားသည့်အတိုင်း တစ်လတစ်ကြိမ် ရေးသား ပေးပို့ရမည်။

(ဎ) မိမိတို့ သာသနာပြုကျောင်းများတွင် ပြုစုပျိုးထောင်ထားသော ဒေသခံ ရဟန်းသာမဏေနှင့် ကျောင်းသူကျောင်းသားများအား ကျွေးမွေးပြုစုနိုင်ရေးအတွက် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာ ထေရဝါဒ ဗုဒ္ဓ သာသနာပြု ထောက်ပံ့ရေးအဖွဲ့နှင့် ညှိနှိုင်း ဆောင်ရွက်ရမည်။ မလုံလောက်ပါက သက်ဆိုင်ရာမြို့နယ်၊ ပြည်နယ်/တိုင်း၊ ဗဟို ထေရဝါဒ ဗုဒ္ဓသာသနာပြု ထောက်ပံ့ရေးအဖွဲ့များနှင့် သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနသို့ အကူအညီ တောင်းခံပိုင်ခွင့် ရှိသည်။

(ဏ) မိမိသာသနာပြုကျောင်းရှိ ဒေသခံ သာမဏေများနှင့် ကျောင်းသားများ သက်န်းဝတ်ဖြင့် ဗုဒ္ဓဘာသာစာပေ သင်ကြားစေနိုင်ရေးအတွက် ထေရဝါဒ ဗုဒ္ဓ သာသနာပြု ထောက်ပံ့ရေး ဗဟိုအဖွဲ့နှင့် သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနသို့ အကြောင်းကြား၍ ပို့လွှတ်ခွင့်ရှိသည်။

(တ) ဗုဒ္ဓဘာသာ အဆုံးအမခံယူပွဲနှင့် စုပေါင်းရှင်ပြုပွဲ စသော ဘာသာရေး အခမ်းအနားများအတွက် ထေရဝါဒ ဗုဒ္ဓ သာသနာပြု ထောက်ပံ့ရေး ဗဟိုအဖွဲ့နှင့် သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနသို့ အကူအညီ တောင်းခံပိုင်ခွင့်ရှိသည်။

၆၅။ ထေရဝါဒ ဗုဒ္ဓသာသနာပြု လူပုဂ္ဂိုလ်များ၏ တာဝန်ဝတ္တရား များမှာ ဖော်ပြလတ္တံ့ပါအတိုင်း ဖြစ်သည်-

(က) မိမိအတွက်သတ်မှတ်ပေးထားသော သာသနာပြုကွက် (ရပ်ကွက်/ကျေးရွာ)သို့ ကိုယ်တိုင်သွားရောက်နေထိုင်၍ သာသနာပြုရမည်၊

(ခ) နီးစပ်ရာမြို့နယ် ရပ်ကွက်၊ ကျေးရွာ သံဃနာယကအဖွဲ့၊ သာသနာပြု ရဟန်းတော်၊ သာသနာပြု လူပုဂ္ဂိုလ် ခေါင်းဆောင်၊ မြို့နယ် သာသနာရေးမှူးတို့၏ ဦးဆောင် မှုကို ခံယူ၍ သာသနာပြုရမည်၊

(ဂ) အရည်အချင်းသတ်မှတ်ချက်တွင် ပါရှိသော ဘာသာရေး ဆိုင်ရာ လုပ်ငန်းများကို တာဝန်တစ်ရပ် အဖြစ် ဆောင်ရွက်ရမည်၊

(ဃ) ဗုဒ္ဓဘာသာဖြစ်ပြီးသူများကို အခြေခံ၍ ဗုဒ္ဓဘာသာဝင် မဖြစ်သေးသူများကို ဗုဒ္ဓဘာသာဝင် ဖြစ်လာအောင် စည်းရုံးဆောင်ရွက်ရမည်၊

(င) ဒေသခံဗုဒ္ဓဘာသာဝင်များနှင့် ပထမဦးစွာ သင့်မြတ် အောင် ပေါင်းသင်းရမည်၊

(စ) ပုဂ္ဂိုလ်ခင်မှ တရားမင် ဆိုရိုးစကားအရ ဗုဒ္ဓဘာသာ မဖြစ်သေးသူများ (ဘာသာခြားများ)နှင့်လည်း ဆက် သွယ်မှု ရရှိအောင်၊ ခင်မင် ရင်းနှီးမှုရှိအောင် ဦးစွာ ပေါင်းသင်းရမည်၊

(ဆ) ရွာတစ်ရွာ (သို့မဟုတ်) ဒေသတစ်ခုတွင် ဩဇာရှိသူ၊ အာဏာရှိသူ အကြီးအကဲကို ခင်မင်ရင်းနှီးမှုရရှိအောင် နည်းအမျိုးမျိုးဖြင့် ချဉ်းကပ် စည်းရုံးရမည်၊

(ဇ) သာသနာပြု တိုးတက်မှုအစီရင်ခံစာကို နီးစပ်ရာ သာသနာပြုရဟန်းတော်၏ ထောက်ခံချက်ဖြင့် တစ်လ တစ်ကြိမ် သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီး ဌာနသို့ ပို့ရမည်၊

(ဈ) ဗုဒ္ဓဘာသာ သာသနာအဆုံးအမခံယူမည့်သူ(သူများ) ရှိသောအခါ အနီးဆုံးရှိ သာသနာပြုရဟန်းတော်ထံ ပို့ဆောင်၍ ဗုဒ္ဓဘာသာသာသနာ အဆုံးအမ ခံယူစေရမည်။ အရွယ်ရောက်ပြီးသူဖြစ်လျှင် ၎င်း၏မှတ်ပုံတင်/နိုင်ငံသားကတ်ပြားရှိ 'ဘာသာ' ဟူသော အကွက်တွင် 'ဗုဒ္ဓ' ဟု ထည့်သွင်းစေရမည်၊

(ည) မိမိသာသနာပြုကွက်ရှိ ရပ်ကွက်၊ ကျေးရွာ ထေရဝါဒ ဗုဒ္ဓ သာသနာပြု ထောက်ပံ့ရေးအဖွဲ့လုပ်ငန်းများကို အကူအညီပေး ဆောင်ရွက်ရမည်၊

(ဋ) မိမိ သာသနာပြုကွက်ရှိ ရပ်ကွက်၊ ကျေးရွာ၌ ဝတ်အသင်းများကို ဖွဲ့စည်း၍ ဘာသာရေးလုပ်ငန်း အတွက် ဦးဆောင်မှု ပေးရမည်၊

(ဌ) မိမိတာဝန်ကျရာ ဒေသအတွင်း၌ ကျင်းပသော ဘာသာရေး အခမ်းအနားများတွင် ဦးဆောင်မှုပေးရမည်၊

(ဍ) မိမိတာဝန်ကျရာဒေသ သာသနာပြုလုပ်ငန်းများအတွက် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနကဖြစ်စေ၊ ထေရဝါဒဗုဒ္ဓသာသနာပြုထောက်ပံ့ရေးဗဟိုအဖွဲ့ကဖြစ်စေ၊ သက်ဆိုင်ရာပြည်နယ်/တိုင်း၊ မြို့နယ် ထေရဝါဒ ဗုဒ္ဓ သာသနာပြု ထောက်ပံ့ရေးအဖွဲ့တို့ကဖြစ်စေ ပေးပို့လာသော နဝကမ္မများ၊ လှူဖွယ်ပစ္စည်းများကို ပေးပို့လာသော အဖွဲ့အစည်း၏ ညွှန်ကြားချက်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည်။

၆၆။ ထေရဝါဒ ဗုဒ္ဓသာသနာပြု လူပုဂ္ဂိုလ်များ၏ ရပိုင်ခွင့်များ ခံစားခွင့်များမှာ ဖော်ပြလတ္တံ့ပါအတိုင်း ဖြစ်သည်-

(က) ထေရဝါဒ ဗုဒ္ဓသာသနာပြု လူပုဂ္ဂိုလ်သည် သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနက ချီးမြှင့်သော ခေါင်းဆောင်ဖြစ်လျှင် တစ်လ-၉၀ဝိ/-၊ လက်ထောက် ဖြစ်လျှင် တစ်လ-၈၀ဝိ/-နှုန်း ထောက်ပံ့စရိတ်ကို (၃)လတစ်ကြိမ် ခံစားခွင့်ရှိသည်။

သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန၏ ညွှန်ကြားချက်အရ သာသနာပြုလုပ်ငန်းအတွက် ခရီးသွားရောက်ရလျှင်ဖြစ်စေ၊ သင်တန်း၊ မွမ်းမံသင်တန်းနှင့် နှီးနှောဖလှယ်ပွဲသို့ တက်ရောက်ရလျှင်ဖြစ်စေ၊ ခရီးစရိတ်နှင့် အထွေထွေကုန်ကျစရိတ်များကို ခံစားခွင့် ရှိသည်။ တာဝန်ကျရာ သာသနာပြုကွက်မှ အခြားသော သာသနာပြုကွက်သို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်လိုပါက သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနသို့ တင်ပြ၍ ခွင့်ပြုချက်ရလျှင် ပြောင်းရွှေ့တာဝန် ထမ်းဆောင်ခွင့် ရှိသည်။

အခန်း (၈)

## ထေရဝါဒဗုဒ္ဓသာသနာပြု ထောက်ပံ့ရေးအဖွဲ့များ ဖွဲ့စည်းခြင်း

၆၇။ ထေရဝါဒ ဗုဒ္ဓသာသနာပြုလုပ်ငန်း ထွန်းထွန်းပေါက်ပေါက် ပြီးမြောက် အောင်မြင်နိုင်ရေးအတွက် ထေရဝါဒ ဗုဒ္ဓသာသနာပြု ထောက်ပံ့ရေးအဖွဲ့များကို ဗဟိုအဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ မြို့နယ်အဆင့်နှင့် ရပ်ကွက်၊ ကျေးရွာအဆင့်အားဖြင့် အဆင့်ဆင့် ဖွဲ့စည်းရမည်။

၆၈။ ပြည်နယ်/တိုင်း၊ မြို့နယ်နှင့်ရပ်ကွက်၊ ကျေးရွာအသီးသီး၌ ထေရဝါဒ ဗုဒ္ဓသာသနာပြု ထောက်ပံ့ရေးအဖွဲ့ တစ်ဖွဲ့စီသာ တည်ရှိခွင့်ရှိသည်။

၆၉။ ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့သည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ လမ်းညွှန်မှုကိုခံယူ၍ အဖွဲ့ဝင်(၁၅) ဦး ပါဝင်သော ထေရဝါဒ ဗုဒ္ဓသာသနာပြု ထောက်ပံ့ရေး ဗဟိုအဖွဲ့ ကို ဖော်ပြလတ္တံ့ပါအတိုင်း ဖွဲ့စည်းပေးရမည်-

| | | |
|---|---|---|
| ဥက္ကဋ္ဌ | - | ၁ ဦး |
| ဒုတိယဥက္ကဋ္ဌ | - | ၁ ဦး |
| အတွင်းရေးမှူး | - | ၁ ဦး |
| တွဲဖက်အတွင်းရေးမှူး | - | ၁ ဦး |
| စာရင်းကိုင် | - | ၁ ဦး |
| စာရင်းစစ် | - | ၁ ဦး |
| ငွေထိန်း | - | ၁ ဦး |
| စည်းရုံးရေးမှူး | - | ၈ ဦး |

၇၀။ ထေရဝါဒ ဗုဒ္ဓသာသနာပြု ထောက်ပံ့ရေးဗဟိုအဖွဲ့တွင် သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌအဖြစ်၊ စီမံရေးရာ သာသနာပြုဌာနခွဲ ဒုတိယညွှန်ကြားရေးမှူးက အတွင်းရေးမှူးအဖြစ်၊ ပြင်ပအလှူငွေဌာန လက်ထောက်ညွှန်ကြားရေးမှူးက ငွေထိန်းအဖြစ် ဆောင်ရွက်ပြီး ကျန်အဖွဲ့ဝင်များကို သင့်တော်သည့် ဌာနတွင်း၊ ဌာန ပြင်ပလူများဖြင့် ဖွဲ့စည်း၍ ပထမအကြိမ် ကျင်းပသောအစည်းအဝေးတွင် ဒုတိယဥက္ကဋ္ဌ၊ တွဲဖက်အတွင်းရေးမှူး၊ စာရင်းကိုင်၊ စာရင်းစစ်နှင့် စည်းရုံးရေးမှူးတို့ကို ရွေးချယ်ရမည်။

၇၁။ ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့သည် ထေရဝါဒ ဗုဒ္ဓသာသနာပြု ထောက်ပံ့ရေးဗဟိုအဖွဲ့၏ ဩဝါဒါစရိယအဖွဲ့လည်း ဖြစ်သည်။

၇၂။ လက်ရှိ တောင်တန်းဗုဒ္ဓသာသနာပြု ရန်ပုံငွေအဖွဲ့ကို ထေရဝါဒ ဗုဒ္ဓသာသနာပြု ထောက်ပံ့ရေးဗဟိုအဖွဲ့အဖြစ် ဤစည်းမျဉ်းနှင့်အညီ ပြန်လည်ဖွဲ့စည်းရမည်။

၇၃။ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ပြင်ပအလှူငွေဌာနစုသည် ထေရဝါဒ ဗုဒ္ဓသာသနာပြု ထောက်ပံ့ရေးဗဟိုအဖွဲ့၏ ဘဏ္ဍာငွေလက်ခံခြင်း၊ ထိန်းသိမ်းခြင်း၊ ထုတ်ပေးခြင်းစသော လုပ်ငန်းများကို တာဝန်ခံ ဆောင်ရွက်ပေးရမည်။

၇၄။ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့များသည် မိမိတို့သက်ဆိုင်ရာ ပြည်နယ်/တိုင်း အာဏာပိုင်အဖွဲ့အစည်းများ၏ အကူအညီဖြင့် ပြည်နယ်/တိုင်း ထေရဝါဒဗုဒ္ဓသာသနာပြု ထောက်ပံ့ရေးအဖွဲ့များကိုလည်းကောင်း၊ မြို့နယ် သံဃနာယကအဖွဲ့များသည် မိမိတို့သက်ဆိုင်ရာမြို့နယ် အာဏာပိုင်အဖွဲ့အစည်းများ၏ အကူအညီဖြင့် မြို့နယ် ထေရဝါဒ ဗုဒ္ဓသာသနာပြု ထောက်ပံ့ရေးအဖွဲ့များကိုလည်းကောင်း၊ ရပ်ကွက်၊ ကျေးရွာ သံဃနာယကအဖွဲ့များသည်

မိမိတို့ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ အာဏာပိုင်အဖွဲ့အစည်းများ၏ အကူအညီဖြင့် ရပ်ကွက်၊ ကျေးရွာ ထေရဝါဒ ဗုဒ္ဓသာသနာပြုထောက်ပံ့ရေး အဖွဲ့များကိုလည်းကောင်း ဖော်ပြလတ္တံ့ပါအတိုင်း အဖွဲ့ဝင် (၁၂)ဦးစီဖြင့် ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| ဥက္ကဋ္ဌ | - | ၁ ဦး |
| ဒုတိယဥက္ကဋ္ဌ | - | ၁ ဦး |
| အတွင်းရေးမှူး | - | ၁ ဦး |
| တွဲဖက်အတွင်းရေးမှူး | - | ၁ ဦး |
| စာရင်းကိုင် | - | ၁ ဦး |
| ငွေထိန်း | - | ၁ ဦး |
| စာရင်းစစ် | - | ၁ ဦး |
| စည်းရုံးရေးမှူး | - | ၅ ဦး |

၇၅။ သံဃနာယကအဖွဲ့ မရှိသော ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်များ၌ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်အာဏာပိုင်အဖွဲ့အစည်းများက သက်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြု ထောက်ပံ့ရေးအဖွဲ့များကို ဖွဲ့စည်းပေးရမည်။

၇၆။ သက်ဆိုင်ရာသံဃနာယကအဖွဲ့များနှင့် (သံဃနာယကအဖွဲ့ မရှိသော ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်များ၌) သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများသည် သက်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြု ထောက်ပံ့ရေးအဖွဲ့များကို ဖွဲ့စည်းပြီးကြောင်း အစီရင်ခံစာကို သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ တစ်ဆင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ တင်ပြပြီး မိတ္တူကို သက်ဆိုင်ရာ မြို့နယ်၊ ပြည်နယ်/တိုင်း၊ ဗဟို ထေရဝါဒ ဗုဒ္ဓ သာသနာပြု ထောက်ပံ့ရေး အဖွဲ့သို့ ပေးပို့ရမည်။

၇၇။ ပြည်နယ်/တိုင်း၊ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာ ထေရဝါဒ ဗုဒ္ဓသာသနာပြု ထောက်ပံ့ရေးအဖွဲ့များတွင် အစည်းအဝေး

ဆုံးဖြတ်ချက်အရ သင့်တော်သူ တစ်ဦးဦးကို ဥက္ကဋ္ဌအဖြစ် တင်မြှောက်၍ ပြည်နယ်/တိုင်းအဆင့်၌ ပြည်နယ်/တိုင်း သာသနာရေးမှူး(သို့မဟုတ်)ဌာနမှူး၏ ကိုယ်စားလှယ်၊ မြို့နယ်နှင့် ရပ်ကွက်ကျေးရွာအဆင့်၌ မြို့နယ် သာသနာရေးမှူး (သို့မဟုတ်) ထေရဝါဒ ဗုဒ္ဓသာသနာပြု လူပုဂ္ဂိုလ် ၎င်းတို့မရှိပါက ဥက္ကဋ္ဌမှ တာဝန်ပေးခြင်း ခံရသူက အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရမည်။

၇၈။ သက်ဆိုင်ရာ ပြည်နယ်/တိုင်း၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ သံဃနာယက အဖွဲ့များသည် သက်ဆိုင်ရာ ပြည်နယ်/တိုင်း၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ ထေရဝါဒ ဗုဒ္ဓသာသနာပြု ထောက်ပံ့ရေး အဖွဲ့များ၏ ဩဝါဒါစရိယအဖွဲ့များလည်း ဖြစ်သည်။ သံဃနာယက မရှိသော ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်များရှိ ထေရဝါဒ ဗုဒ္ဓ သာသနာပြု ထောက်ပံ့ရေးအဖွဲ့များသည် သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများ၏ ညွှန်ကြားချက်ကို ခံယူရမည်။

၇၉။ ထေရဝါဒ ဗုဒ္ဓသာသနာပြု ထောက်ပံ့ရေးအဖွဲ့ဝင်တို့၏ အရည် အချင်းမှာ ဖော်ပြလတ္တံ့ပါအတိုင်း ဖြစ်သည်–

(က) ဗဟိုနှင့်ပြည်နယ်/တိုင်းအတွက် အသက်(၃၀)နှစ် ရှိပြီး ဖြစ်ခြင်း၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအတွက် အသက် (၂၀) ရှိပြီး ဖြစ်ခြင်း၊

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား ဖြစ်ခြင်း၊

(ဂ) ဗဟိုအတွက် ရန်ကုန်မြို့၌ အမြဲနေထိုင်ခြင်း၊ ပြည်နယ်/တိုင်း၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအတွက် သက်ဆိုင်ရာ ပြည်နယ်/တိုင်း၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအတွင်း နေထိုင်ခြင်း၊

(ဃ) ပေးအပ်သောတာဝန်ကို ကျေပွန်အောင် ဆောင်ရွက်နိုင် စွမ်းရှိသည့် ကျန်းမာရေးနှင့် ပြည့်စုံခြင်း၊

(င) သာသနာပြုလုပ်ငန်းကို အားပေးလိုသော ဆန္ဒရှိခြင်း၊

(ဓ) ဗုဒ္ဓသာသနာတော်ကို လေးနက်စွာ သက်ဝင်ယုံကြည်သော ဗုဒ္ဓဘာသာဝင် ဖြစ်ခြင်း၊

(ဆ) ဗုဒ္ဓသာသနာပြုလုပ်ငန်း၊ စည်းရုံးရေးလုပ်ငန်းတို့ကို ဝါသနာပါခြင်း၊

(ဇ) ဥပါသကာဂုဏ်အင်္ဂါနှင့် ပြည့်စုံခြင်း၊

(ဈ) အကျင့်စာရိတ္တ ပျက်ယွင်းမှုနှင့် ပတ်သက်သော ရာဇဝတ်ပြစ်ဒဏ် ကင်းရှင်းခြင်း၊

၈၀။ ထေရဝါဒ ဗုဒ္ဓသာသနာပြု ထောက်ပံ့ရေးဗဟိုအဖွဲ့၏ တည်ရာသည် သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ရုံးချုပ်ဖြစ်ပြီး၊ ပြည်နယ်/တိုင်း၊ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာ ထေရဝါဒဗုဒ္ဓသာသနာပြု ထောက်ပံ့ရေးအဖွဲ့များ၏ တည်နေရာသည် သက်ဆိုင်ရာ ပြည်နယ်/တိုင်း၊ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာ သံဃနာယကအဖွဲ့ရုံး ဖြစ်သည်။ သံဃနာယကအဖွဲ့ မရှိသော ထေရဝါဒဗုဒ္ဓသာသနာပြု ထောက်ပံ့ရေးအဖွဲ့များ၏ တည်နေရာသည် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ ခွင့်ပြုသော ဓမ္မာရုံ၊ စာသင်ကျောင်း၊ စာကြည့်တိုက်စသော အဆောက်အအုံ တစ်ခုခု ဖြစ်ရမည်။

၈၁။ အဖွဲ့ပုံသဏ္ဍာန်နှင့် အဖွဲ့ဝင်ဦးရေတို့ကို အခါအားလျော်စွာ ပြုပြင်ပြောင်းလဲ ဖွဲ့စည်းနိုင်သည်။

၈၂။ အဖွဲ့၏ ပုံမှန်အစည်းအဝေးကို (၃)လတစ်ကြိမ် ကျင်းပရမည်။

၈၃။ အစည်းအဝေး တစ်ခုနှင့်တစ်ခုကြားကာလတွင် ပေါ်ပေါက်လာသော လုပ်ငန်းတာဝန်များကို ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအား လုပ်ပိုင်ခွင့် ပေးထားပြီး အနီးဆုံးဖြစ်သော အစည်းအဝေးက အတည်ပြုပေးရမည်။

၈၄။ အဖွဲ့၏ပုံမှန်အစည်းအဝေးတွင် လစဉ်ဝင်ငွေ၊ ထွက်ငွေ၊ စာရင်းရှင်းတမ်းကို တင်ပြ၍ အတည်ပြုချက် ရယူရမည်။ ဤသို့

တင်ပြနိုင်ရေးအတွက် ငွေစာရင်းစာအုပ်၊ အထွေထွေ လယ်ဂျာ စာအုပ်များကို ထားရှိပြီး ဝင်ငွေ၊ ထွက်ငွေများကို လစဉ် ရေးသွင်းရမည်။

၈၅။ လိုအပ်လျှင် ဥက္ကဋ္ဌအမိန့်ဖြင့် အထူးအစည်းအဝေးကို ကျင်းပ နိုင်သည်။

၈၆။ အဖွဲ့ဝင် (၄)ဦးအောက် မနည်းသော အဖွဲ့ဝင်များက အထူး အစည်းအဝေး ကျင်းပပေးရန် စာဖြင့်တောင်းဆိုပါက ဥက္ကဋ္ဌက အမိန့်ချမှတ်၍ အထူးအစည်းအဝေး ကျင်းပပေးရမည်။

၈၇။ အဖွဲ့ဝင် (၇၅)ရာခိုင်နှုန်း တက်ရောက်လျှင် အစည်းအဝေး အထမြောက် အောင်မြင်သည်ဟု မှတ်ယူရမည်။

၈၈။ အဖွဲ့ဝင် (၇၅)ရာခိုင်နှုန်း မတက်ရောက်သဖြင့် ရွှေ့ဆိုင်းထားရပြီး၊ နောက်တစ်ကြိမ်ကျင်းပသော အစည်းအဝေး၌ ဥက္ကဋ္ဌ၊အတွင်းရေးမှူး ပါ အဖွဲ့ဝင် ထက်ဝက်ကျော် တက်ရောက်လျှင် အစည်းအဝေး အထမြောက် အောင်မြင်သည်ဟု မှတ်ယူရမည်။

၈၉။ အတွင်းရေးမှူးက အထက်ပါအပိုဒ်တို့နှင့် မဆန့်ကျင်စေဘဲ ဥက္ကဋ္ဌ နှင့် ညှိနှိုင်း၍ အစည်းအဝေးကျင်းပရန် စီမံဆောင်ရွက်သည်ကို သဘောတူရမည်။

၉၀။ အစည်းအဝေး တစ်ခုနှင့်တစ်ခု ကြားကာလ၌ အတွင်းရေးမှူး ဆောင်ရွက်ရမည့် ကိစ္စများကို မိမိတို့အစည်းအဝေးက သတ်မှတ် ပေးထားရမည်။

၉၁။ အစည်းအဝေး၌ မဲမခွဲရဘဲ ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် အတတ်နိုင်ဆုံး ဆွေးနွေးညှိနှိုင်း ဆုံးဖြတ်ရမည်။ မလွှဲမရှောင်သာဘဲ မဲခွဲရပါလျှင် အစည်းအဝေးတက်ရောက်သော အဖွဲ့ဝင်တို့၏ ထက်ဝက်ကျော်ဆန္ဒဖြင့်သာ ဆုံးဖြတ်ချက် ချမှတ်ရမည်။

၉၂။ အစည်းအဝေးတက်ရောက်ခြင်းနှင့် အစည်းအဝေး၌ ဆွေးနွေးချက် ဆုံးဖြတ်ချက်များကို မှတ်တမ်းတင်စာအုပ်၌ ကိုယ်တိုင်လက်မှတ်

ရေးထိုး မှတ်တမ်းတင်ထားရမည်။ အစည်းအဝေးမှတ်တမ်း အဆုံးတွင် ပြီးဆုံးချိန်နှင့်တကွ မှတ်သား၍ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို လက်မှတ် ရေးထိုးစေလျက် အတည်ပြုထားရမည်။ (သို့မဟုတ်) သီးခြား မှတ်တမ်းတင် စာတန်းပြုစု၍ နောက်အစည်းအဝေးတွင် ဖတ်ကြားပြီး အတည်ပြုချက် ရယူရမည်။

အခန်း (၉)

# ထေရဝါဒ ဗုဒ္ဓသာသနာပြု ထောက်ပံ့ရေးအဖွဲ့များ၏ လုပ်ငန်းတာဝန်များ

၃၃။ ထေရဝါဒ ဗုဒ္ဓသာသနာပြု ထောက်ပံ့ရေးဗဟိုအဖွဲ့သည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စေတနာရှင်အသီးသီးထံမှ ပြည်နယ်/တိုင်း၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ ထေရဝါဒ ဗုဒ္ဓသာသနာပြု အဖွဲ့များသည် သက်ဆိုင်ရာ ပြည်နယ်/တိုင်း၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာရှိ စေတနာရှင်အသီးသီးထံမှ ဖော်ပြလတ္တံ့ပါ နည်းလမ်းအတိုင်း အလှူရှင်များကို တာဝန်မကြီးစေသောနည်းဖြင့် ရန်ပုံငွေ ရှာဖွေရမည်၊

(က) သဒ္ဓါပေါက်၍ လာရောက်လှူဒါန်းသည်ကို လက်ခံသောအားဖြင့် ရန်ပုံငွေ ရှာဖွေခြင်း၊

(ခ) သတင်းစာများ၊ လက်ကမ်းစာစောင်များဖြင့် ကြော်ငြာ၍ ရန်ပုံငွေ ရှာဖွေခြင်း၊

(ဂ) သင့်လျော်သော စာစောင်၊ စာအုပ် ရိုက်နှိပ်ဖြန့်ချိ၍ ရန်ပုံငွေ ရှာဖွေခြင်း၊

(ဃ) တန်ခိုးကြီးဘုရားများ၌ အလှူခံပုံး ထားရှိ၍ ရန်ပုံငွေ ရှာဖွေခြင်း၊

(င) နိုင်ငံကျော်ဓမ္မကထိကများထံ အကူအညီတောင်းခံ၍ တရားပွဲများ ကျင်းပသောအားဖြင့် ရန်ပုံငွေရှာဖွေခြင်း၊

(စ) တစ်ဆုပ်ဆန်အလှူခံ၍ ရန်ပုံငွေ ရှာဖွေခြင်း၊

(ဆ) ဓမ္မာရုံ၊ စာကြည့်တိုက်၊ ဝတ်အဖွဲ့များ တည်ထောင်ခြင်း၊ သုမင်္ဂလ၊ ဒုမင်္ဂလအခမ်းအနားများ၌ ငှားရမ်း အသုံးပြုနိုင်သော ပစ္စည်းများကို ငှားရမ်းခြင်းဖြင့် ရန်ပုံငွေ ရှာဖွေခြင်း၊

(ဇ) အခြားသင့်လျော်သောနည်းဖြင့် ရန်ပုံငွေ ရှာဖွေခြင်း စသည်တို့ ဖြစ်ပါသည်။

၉၄။ ထေရဝါဒ ဗုဒ္ဓသာသနာပြုထောက်ပံ့ရေးအဖွဲ့များသည် ထေရဝါဒ ဗုဒ္ဓသာသနာပြုလုပ်ငန်းအတွက် မိမိတို့ သက်ဆိုင်ရာဒေသအတွင်း၌ စေတနာရှင်လုပ်သားပြည်သူများထံမှ နှစ်စဉ်ကြေး၊ သဒ္ဓါကြေးဟု နှစ်မျိုးနှစ်စား ခွဲခြားလျက် အလှူရှင်တို့၏ ဆန္ဒအလျောက် လှူဒါန်းလာအောင် နှိုးဆော်၍ ရန်ပုံငွေ ရှာဖွေရမည်။

၉၅။ နိဗဒ္ဓပုညဖြစ်စေရန် နှစ်စဉ်ကြေးအလှူခံရာ၌ မိမိဒေသအတွင်းရှိ မိသားစုများထံမှ တစ်နှစ်တစ်ကြိမ်စေတနာအလျောက် အလှူခံ၍ ရန်ပုံငွေ ရှာဖွေရမည်။

၉၆။ ကာလဒေသဖြစ်စေရန် သဒ္ဓါကြေးအလှူခံရာ၌ မိမိဒေသအတွင်းရှိ ကျောင်းထိုင်ဘုန်းကြီးများ၏ နဝကမ္မဝတ္ထုမှလည်းကောင်း၊ သဒ္ဓါတရားကောင်းမွန်လှသော မိသားစုများထံမှလည်းကောင်း၊ ရတတ်သမျှ အလှူခံကာ ရန်ပုံငွေ ရှာဖွေရမည်။

၉၇။ မိမိဒေသအတွင်းရှိ တန်ခိုးကြီးဘုရားများ၌ သက်ဆိုင်ရာဘဏ္ဍာထိန်း (ဂေါပကအဖွဲ့) သဘောတူညီချက်ကို ရယူ၍ ထေရဝါဒဗုဒ္ဓသာသနာပြု အလှူခံပုံးများထားလျက် ရန်ပုံငွေ ရှာဖွေရမည်။

၉၈။ လမ်းမများပေါ်၌ မော်တော်ယာဉ်များကို ရပ်တန့်စေ၍ အလှူခံခြင်း၊ ကားဂိတ်၊ သင်္ဘောဆိပ်၊ ဘူတာရုံ၊ မီးသင်္ဘော၊ မီးရထားစသည်တို့၌ ပုံးခွက်ကိုင်ဆောင်၍ အလှူခံခြင်းတို့ကိုမူ အထူးရှောင်ကြဉ်ရမည်။

၉၉။ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး ၎င်းတို့ ညွှန်ကြားသောနည်းလမ်းနှင့်အညီ ဤစည်းမျဉ်းနှင့် မဆန့်ကျင်စေဘဲ ရန်ပုံငွေရှာဖွေနည်းကို တိကျသေချာစွာ လိုက်နာဆောင်ရွက်ရမည်။

၁၀၀။ သက်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့များ၏ အခါအားလျော်စွာ ဩဝါဒပေးမှု၊ ကူညီပံ့ပိုးမှုတို့ကို လိုလားနှစ်သက်စွာ လိုက်နာလက်ခံရမည်။

၁၀၁။ ရရှိသောရန်ပုံငွေများကို သက်ဆိုင်ရာ ဩဝါဒါစရိယအဖွဲ့ ဆရာတော်များ၏ ဩဝါဒကို ခံယူလျက် ဘဏ္ဍာရေးစည်းမျဉ်းနှင့် အညီ

ထိန်းသိမ်း၍ ထေရဝါဒ ဗုဒ္ဓသာသနာပြု လုပ်ငန်းအတွက်သာ ထောက်ပံ့ခြင်း၊ သုံးစွဲခြင်း ပြုရမည်။

၁၀၂။ စေတနာရှင် လုပ်သားပြည်သူများထံမှ အလှူခံ၍ရရှိသော ရန်ပုံငွေများကို–

(က) ငွေပဒေသာပင် စိုက်ထူရန် လှူဒါန်းသောရန်ပုံငွေ၊

(ခ) လတ်တလော သာသနာပြုလုပ်ငန်းအတွက် အသုံးပြုရန် လှူဒါန်းသော အထွေထွေရန်ပုံငွေဟူ၍ စာရင်း(၂)မျိုး ခွဲခြားလျက် လက်ခံထိန်းသိမ်းရမည်။

၁၀၃။ ရရှိလာသောရန်ပုံငွေများကို မြန်မာ့စီးပွားရေးဘဏ်၌ အဖွဲ့အမည်ဖြင့် အပ်နှံထားရမည်။ ဘဏ်မရှိသောဒေသဖြစ်ပါက ငွေတိုက်၊ စာတိုက်၌ အပ်နှံထားရမည်။

၁၀၄။ ဘဏ်၌အပ်နှံသောအခါ–

(က) ငွေပဒေသာပင်စိုက်ထူရန် လှူဒါန်းသောရန်ပုံငွေကို ငွေသေအဖြစ်အပ်နှံရမည်၊

(ခ) လတ်တလော သာသနာပြုလုပ်ငန်းအတွက် အသုံးပြုရန် လှူဒါန်းသော အထွေထွေရန်ပုံငွေကို ငွေရှင်အဖြစ် အပ်နှံထားရမည်။

၁၀၅။ ယင်းသို့အပ်နှံရာ၌ အဖွဲ့၏ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ငွေထိန်း(၃)ဦးတို့၏ လက်မှတ်ဖြင့် အပ်နှံရမည်။

၁၀၆။ ဘဏ်မှရန်ပုံငွေကို ထုတ်ယူသောအခါ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ငွေထိန်း(၃)ဦးအနက် (၂)ဦးလက်မှတ်ဖြင့် ထုတ်ယူရမည်။

၁၀၇။ ရန်ပုံငွေများကို အဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ မိမိတို့ သက်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု ရဟန်းတော်များနှင့် သာသနာပြု လူဂိုဏ်းများအား ထောက်ပံ့ခြင်းနှင့် အခြား ဗုဒ္ဓ သာသနာပြု လုပ်ငန်းများအတွက် သုံးစွဲရမည်။

၁၀၈။ အထက်ဖော်ပြပါ(က) (ခ) ရန်ပုံငွေနှစ်မျိုးစလုံး၌ တိုးပွားလာသော ဘဏ်တိုးငွေများကိုလည်း ဗုဒ္ဓ သာသနာပြုလုပ်ငန်းများအတွက်သာ အထွေထွေရန်ပုံငွေအဖြစ် သုံးစွဲရမည်။

၁၀၉။ ရန်ပုံငွေရှာဖွေ ထိန်းသိမ်း သုံးစွဲမှုနှင့်စပ်လျဉ်း၍ ခိုင်မာတိကျသော သီးခြား စည်းမျဉ်းတစ်ခုစီ ရေးဆွဲပြဋ္ဌာန်း ထားရှိရမည်။

၁၁၀။ မိမိတို့ ငွေစာရင်းနှင့် မိမိတို့ လုပ်ဆောင်ချက်များကို တာဝန်ရှိ ပုဂ္ဂိုလ်တို့၏ အချိန်အခါမရွေး စစ်ဆေးမှုကို လက်ခံရမည်။

၁၁၁။ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ပြည်နယ်/တိုင်း ထေရဝါဒ ဗုဒ္ဓ သာသနာပြုထောက်ပံ့ရေးအဖွဲ့ အားလုံးသည် ပြည်တွင်း ပြည်ပ ထေရဝါဒ ဗုဒ္ဓသာသနာပြုလုပ်ငန်း ထိထိရောက်ရောက် တိုးတက် အောင်မြင်ရေးအတွက် ပံ့ပိုးပေးနိုင်ရန် ထေရဝါဒ ဗုဒ္ဓသာသနာပြု ဗဟိုအဖွဲ့သို့ မိမိတို့ရန်ပုံငွေ အခြေအနေအရ မှတစ်ရပ်ချမှတ်၍ သင့်လျော်သလို ထောက်ပံ့ရမည်။

၁၁၂။ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ပြည်နယ်/တိုင်း ထေရဝါဒ ဗုဒ္ဓ သာသနာပြု ထောက်ပံ့ရေးအဖွဲ့များသည် ရန်ပုံငွေသုံးစွဲမှု၊ ဗဟိုသို့ ပံ့ပိုးမှုများနှင့် စပ်လျဉ်း၍ ဗဟိုအဖွဲ့၏ ညွှန်ကြားချက်များကို လိုက်နာ ဆောင်ရွက်ရမည်။

၁၁၃။ ထေရဝါဒ ဗုဒ္ဓသာသနာပြု ထောက်ပံ့ရေးဗဟိုအဖွဲ့သည် ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ပြည်နယ်/တိုင်းထေရဝါဒ ဗုဒ္ဓသာသနာပြု ထောက်ပံ့ရေးအဖွဲ့များအတွက် လိုအပ်သော အလှူခံဖြတ်ပိုင်းများ၊ ဂုဏ်ပြုလွှာများ၊ ရင်ထိုးတံဆိပ်များ စသည်တို့ကို တစ်ပြေးညီ ဖြစ်စေရန် သတ်မှတ် ညွှန်ကြားရမည်။

၁၁၄။ ထေရဝါဒ ဗုဒ္ဓသာသနာပြု ထောက်ပံ့ရေးအဖွဲ့၊ ဗဟိုအဆင့်၊ ပြည်နယ်/တိုင်းအဆင့်၊ မြို့နယ်အဆင့်အဖွဲ့များသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ သက်ဆိုင်ရာ ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူ၍ ဗုဒ္ဓ သာသနာပြု လူငယ်သင်တန်းကျောင်း (၁)ကျောင်းစီ ဖွင့်လှစ် နိုင်အောင် ဆောင်ရွက်ရမည်။ ဗဟိုလူငယ်သင်တန်းကျောင်းကို ရန်ကုန်မြို့၌ ပြည်နယ်/တိုင်း လူငယ် သင်တန်းကျောင်းကို

ပြည်နယ်/တိုင်း မြို့တော်များ၌ မြို့နယ် လူငယ်သင်တန်းကျောင်းကို သက်ဆိုင်ရာမြို့နယ်များ၌ ဖွင့်လှစ်ရမည်။

၁၁၅။ သက်ဆိုင်ရာ လူငယ်သင်တန်းကျောင်းများကို သက်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု ထောက်ပံ့ရေးအဖွဲ့များက လုံးဝတာဝန်ယူ ထောက်ပံ့ရမည်။

၁၁၆။ လူငယ်သင်တန်းကျောင်းများ၌ သင်တန်းသား/သူများကို လက်ခံ၍ ထေရဝါဒ ဗုဒ္ဓသာသနာပြုလုပ်ငန်းများနှင့် ထိုလုပ်ငန်းများကို အထောက်အကူပေးနိုင်သည့် အခြား ဘာသာရပ်များကို သင်ကြားပေးရမည်။

၁၁၇။ မြို့နယ်သင်တန်းကျောင်းများ၌ အခြေခံအဆင့်၊ ပြည်နယ်/တိုင်း သင်တန်းကျောင်းများ၌ အထက်တန်းအဆင့်၊ ဗဟိုသင်တန်း ကျောင်း၌ တက္ကသိုလ်အဆင့်သတ်မှတ်၍ သင်ကြားပေးရမည်။ ဗဟိုသင်တန်းကျောင်းတွင် လူများသာမက သာမဏေများ၊ ရဟန်း များနှင့် သီလရှင်များကိုလည်း သင်တန်းပေးနိုင်အောင် စီစဉ် ပေးရမည်။

၁၁၈။ သင်တန်းအဆင့်(၃)ဆင့်၌ သင်တန်းသား/သူများ သင်ကြားနိုင်ရေး အတွက် သင်ရိုးညွှန်းတန်းနှင့် သင်တန်းကာလ သတ်မှတ်ချက်ကို ထေရဝါဒ ဗုဒ္ဓသာသနာပြု ထောက်ပံ့ရေးဗဟိုအဖွဲ့က ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့၏ ဩဝါဒကို ခံယူရေးဆွဲပြီးလျှင် နိုင်ငံတော်သံဃနာယကအဖွဲ့ (၄၇)ပါးစုံညီ အစည်းအဝေးသို့ တင်ပြ အတည်ပြုချက် ရယူရမည်။

၁၁၉။ ရပ်ကွက်၊ ကျေးရွာ ထေရဝါဒဗုဒ္ဓသာသနာပြု ထောက်ပံ့ရေးအဖွဲ့ များသည် မိမိတို့ရပ်ကွက်၊ ကျေးရွာရှိ ဘာသာခြားကလေးများ၊ မိဘမဲ့ကလေးများ နှင့် အလွန်ဆင်းရဲ နွမ်းပါးသော ကလေးများကို စုစည်း၍ မိမိတို့ သက်ဆိုင်ရာမြို့နယ် လူငယ်သင်တန်းကျောင်းသို့ ပို့အပ်ရမည်။

၁၂၀။ အခြေခံသင်တန်း ပြီးဆုံးအောင်မြင်ပြီး၍ အထက်တန်းအဆင့်၊ တက္ကသိုလ်တန်းအဆင့် ပညာရပ်ကို ဆက်လက်သင်ကြားလိုသော ကလေးများကို သက်ဆိုင်ရာ ပြည်နယ်/တိုင်း၊ ဗဟိုသင်တန်းကျောင်းသို့ အဆင့်ဆင့် ဆက်လက် ပို့အပ်ရမည်။

၁၂၁။ သင်တန်းသား/သူများထဲမှဖြစ်စေ၊ သင်တန်းသား/သူမဟုတ်သောပြင်ပမှဖြစ်စေ၊ သင်္ကန်းဝတ်၊ သီလရှင်ဝတ်ဖြင့် ဗုဒ္ဓစာပေများကို သင်ကြားလိုလျှင် ထေရဝါဒ ဗုဒ္ဓသာသနာပြု ထောက်ပံ့ရေးဗဟိုအဖွဲ့သို့ ပို့၍ အဖွဲ့က သင့်တော်သောစာသင်တိုက်များသို့ ဆက်လက်ပို့အပ်ပြီး သင်္ကန်းဝတ်နိုင်ရေး၊ သီလရှင်ဝတ်နိုင်ရေးနှင့် ဗုဒ္ဓစာပေများ သင်ကြားနိုင်ရေးအတွက် တာဝန်ယူ ဆောင်ရွက်ထောက်ပံ့ပေးရမည်။

၁၂၂။ ထေရဝါဒ ဗုဒ္ဓသာသနာပြု ထောက်ပံ့ရေးဗဟိုအဖွဲ့သည် အဖွဲ့၏အထောက်အပံ့ကို ခံယူလျက်ရှိသော ရဟန်း သာမဏေ၊ သီလရှင်များထဲမှ သာသနာပြုလုပ်ငန်းကို ဆောင်ရွက်လိုလျှင် ဗဟိုသင်တန်းကျောင်းတွင် သာသနာပြုဆိုင်ရာ သင်တန်းပေး၍ အထောက်အပံ့ခံသာသနာပြုများအဖြစ် စေလွှတ်ခန့်ထားနိုင်ရန် သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနသို့ ပို့ပေးရမည်။

၁၂၃။ အလားတူ ဗဟိုသင်တန်းကျောင်းထွက် လူငယ်များထဲမှ အချို့ကိုလည်း အထောက်အပံ့ခံ ထေရဝါဒ ဗုဒ္ဓသာသနာပြု လူပုဂ္ဂိုလ်များအဖြစ် စေလွှတ် ခန့်ထားနိုင်စေရေးအတွက် သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနသို့ ပို့ပေးရမည်။

၁၂၄။ သက်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြု ထောက်ပံ့ရေးအဖွဲ့များသည် သက်ဆိုင်ရာသင်တန်းကျောင်းများကို မိမိတို့အဖွဲ့ပိုင်အဖြစ် ထားရှိရမည်။

၁၂၅။ ထေရဝါဒ ဗုဒ္ဓသာသနာပြု ထောက်ပံ့ရေးအဖွဲ့ အဆင့်ဆင့်သည် မိမိတို့ သင်တန်းကျောင်းများအတွက် အထူးသင့်လျော်သည့်

အရည်အချင်းနှင့် ပြည့်စုံသည့် ဆရာတော်တစ်ပါးကို မိမိတို့ သက်ဆိုင်ရာကျောင်း၏ ကျောင်းအုပ်အဖြစ် ရွေးချယ် တာဝန်ပေး နိုင်ရန် သာသနာတော် ထွန်းကား ပြန့်ပွားရေး ဦးစီးဌာနမှတစ်ဆင့် ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့သို့ ထောက်ခံတင်ပြ ရမည်။

၁၂၆။ သက်ဆိုင်ရာ သင်တန်းကျောင်း၏ ကျောင်းအုပ်ဆရာတော်နှင့် တိုင်ပင်၍ လက်ထောက် ကျောင်းအုပ်(လူပုဂ္ဂိုလ်)တစ်ဦးကို ခန့်ထား ပေးရမည်။ ထိုလူပုဂ္ဂိုလ်သည် သက်ဆိုင်ရာအဖွဲ့၏ အဆုံးအဖြတ် ဖြင့် လစာရိက္ခာ ထောက်ပံ့ကြေးကို ခံစားခွင့်ရှိသည်။

၁၂၇။ ထေရဝါဒ ဗုဒ္ဓသာသနာပြု ထောက်ပံ့ရေးဗဟိုအဖွဲ့သည် သင်တန်း ကျောင်းအဆင့်ဆင့်၌ လိုက်နာနိုင်ရန် ကျောင်းစည်းကမ်း၊ သင်တန်း စည်းကမ်းများကို အသေးစိတ် ရေးဆွဲပြီးလျှင် သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ တစ်ဆင့် ထေရဝါဒ ဗုဒ္ဓ သာသနာပြု ဩဝါဒါစရိယအဖွဲ့သို့ တင်ပြရမည်။

အခန်း (၁၀)

## စည်းမျဉ်း အတည်ပြုထုတ်ပြန် ပြင်ဆင် ဖြည့်စွက် နုတ်ပယ်ခြင်း

၁၂၈။ ဤစည်းမျဉ်းကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင်အဖွဲ့ အစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက် ရယူပြီးလျှင် ထုတ်ပြန်ရမည်။

၁၂၉။ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့သည် ဤစည်းမျဉ်းကို အခါအားလျော်စွာ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ နုတ်ပယ်ခြင်း ပြုလုပ်လိုသော်လည်းကောင်း၊ လိုအပ်သော လုပ်ထုံးလုပ်နည်းများ၊ လက်စွဲများကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ နုတ်ပယ်ခြင်း ပြုလုပ်လိုသော်လည်းကောင်း၊ နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင်အဖွဲ့ အစည်းအဝေးသို့ ကျိုးကြောင်းဖော်ပြချက်နှင့်တကွ တင်ပြဆောင်ရွက်ရမည်။

၁၃၀။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် ဤစည်းမျဉ်းပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရေးအတွက် ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့သို့ တာဝန်လွှဲအပ်ရမည်။

၁၃၁။ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနသည် ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့၏ ဥပတ္ထမ္ဘကအဖြစ် ဆောင်ရွက်ရမည်။

အခန်း (၁၁)

# အထွေထွေ

၁၃၂။ ဤစည်းမျဉ်းအခန်း (၂)၊ အပိုဒ်(၃)အရ ဖွဲ့စည်းထားသော ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့သည် တည်ဆဲ ထေရဝါဒ ဗုဒ္ဓသာသနာပြုဌာနများ၊ ဌာနခွဲများ၊ ဌာနစိတ်များနှင့် သာသနာပြု ရဟန်းတော်များ သာသနာပြု လူပုဂ္ဂိုလ်များနှင့် သာသနာပြု လုပ်ငန်းများကို လက်ရှိ တာဝန်ယူ ဆောင်ရွက်နေသော အမှုဆောင် အဖွဲ့ထံမှ လွှဲပြောင်းရယူ၍ ဆက်လက် ဆောင်ရွက်ရမည်။

၁၃၃။ ဤစည်းမျဉ်းအရ အသစ်ဖွဲ့စည်းထားသော ထေရဝါဒ ဗုဒ္ဓ သာသနာပြု ဩဝါဒါစရိယအဖွဲ့၏ ပထမပုံမှန် အစည်းအဝေး ကျင်းပရန်အတွက် လက်ရှိအဖွဲ့၏ အကျိုးတော်ဆောင်ဆရာတော်က ပင့်ဖိတ်၍ လုပ်ငန်းများကို လွှဲအပ်ပေးရမည်။

၁၃၄။ ရန်ကုန်မြို့၊ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနသည် ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့၏ တည်ရာဖြစ်သည်။

၁၃၅။ ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့သည် ဖော်ပြလတ္တံ့ပါ အင်္ဂါအချက်အလက်များနှင့် ညီညွတ်သောဒေသ၌ ထေရဝါဒ ဗုဒ္ဓသာသနာပြု အခြေခံဌာန၊ ဌာနခွဲကျောင်းများအဖြစ် သတ်မှတ် တည်ဆောက်၍ သာသနာပြု ရဟန်းတော်ကို စေလွှတ် ခန့်ထား ရမည်။

(က) လက်ရှိ ထေရဝါဒ ဗုဒ္ဓသာသနာပြု ဌာနကျောင်းများနှင့် သွားလာရေး အသင့်အတင့် လွယ်ကူသည့်နေရာ ဖြစ်ခြင်း၊

(ခ) ဗုဒ္ဓဘာသာ သက်ဝင်ယုံကြည်သူများ အထိုက်အလျောက် ရှိခြင်း၊

(ဂ) ထေရဝါဒ ဗုဒ္ဓသာသနာပြု အခြေခံဌာန၊ အခြေခံဌာနခွဲ ဖွင့်လှစ်နိုင်လောက်သည့် အိမ်ခြေ ရှိသောမြို့၊ ရပ်ကွက်၊ ကျေးရွာ ဖြစ်ခြင်း၊

(ဃ) လေလံ၊ မိုးလုံ (၂)နှစ်အောက်မနည်း ခိုင်မာသော ယာယီကျောင်း ဆောက်လုပ်ပြီး ဖြစ်ခြင်း၊

(င) သင့်တင့်မျှတသော ဆွမ်း၊ ကွမ်း ထောက်ပံ့နိုင်သော ဒေသ ဖြစ်ခြင်း၊

(စ) ကျောင်းသစ် ဆောက်လုပ်ပေးရန် အခြေခံ သာသနာပြုဌာန ခေါင်းဆောင် ဆရာတော်၊ သာသနာရေးမှူး၊ သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့တို့၏ ထောက်ခံ တောင်းဆိုချက်များ ပါရှိခြင်း။

၁၃၆။ အဖွဲ့သည် အထက်အပိုဒ် (၁၃၅)ပါ အင်္ဂါရပ်များနှင့် ညီညွတ်သော ဒေသ၌ ဒေသခံများ တောင်းခံမှုမရှိသော်လည်း၊ သာသနာပြုဌာန ဌာနခွဲများ ဖွင့်လှစ်၍ သာသနာပြုရဟန်းတော်များ စေလွှတ်ခန့်ထားနိုင်ရေးအတွက် အခြေခံသာသနာပြုဌာန၊ ဌာနခွဲကျောင်း ဆောက်လုပ်ပေးရန်၊ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနသို့ ညွှန်ကြားနိုင်သည်။

၁၃၇။ အဖွဲ့သည် အာဏာပိုင်အဖွဲ့အစည်းများနှင့် အခြား ဝန်ထမ်းအဖွဲ့အစည်းများ၏ အကူအညီများကို ရယူလိုပါက သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနနှင့် ညှိနှိုင်း၍ စီစဉ်ဆောင်ရွက်ရမည်။

၁၃၈။ အဖွဲ့သည် အောက်တွင် ဖော်ပြထားသော အဖွဲ့တံဆိပ်တုံးကို ပြုလုပ်ထားရှိရမည်။ ထေရဝါဒ ဗုဒ္ဓသာသနာပြု ဗဟိုဌာနနှင့် ထေရဝါဒဗုဒ္ဓသာသနာပြု ထောက်ပံ့ရေးအဖွဲ့များအတွက် တံဆိပ်တုံးများကိုလည်း သတ်မှတ်ပေးနိုင်သည်။

၁၃၉။ ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့၏ သက်တမ်းသည် နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့က အဖွဲ့သစ်ကို နောက်တစ်ကြိမ် ပြန်လည်ရွေးချယ် ဖွဲ့စည်းပေးပြီးသည့် နေ့အထိ တည်ရှိသည်။

၁၄၀။ အဖွဲ့ဝင်ဆရာတော် တစ်ပါးပါးသည် ဂုဏ်အင်္ဂါ အရည်အချင်း ပျက်ယွင်းမှုတစ်ခုခုနှင့် ငြိစွန်းသည်ဟု အစွပ်စွဲခံရလျှင်သော်လည်းကောင်း၊ အဖွဲ့၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာ မဆောင်ရွက်လျှင်သော်လည်းကောင်း၊ နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့သည် ထိုအဖွဲ့ဝင်ဆရာတော်အား ဤစည်းမျဉ်းနှင့်အညီ အရေးယူရမည်။

၁၄၁။ ထေရဝါဒ ဗုဒ္ဓသာသနာပြု ရဟန်းတော်တစ်ပါးပါးသည် ဂုဏ်အင်္ဂါ အရည်အချင်း ပျက်ယွင်းမှုတစ်ခုခုနှင့် ငြိစွန်းသည်ဟု အစွပ်စွဲခံရလျှင်သော်လည်းကောင်း၊ သာသနာပြုလုပ်ငန်းတာဝန်များကို ကျေပွန်စွာ မဆောင်ရွက်လျှင်သော်လည်းကောင်း ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့က ဤစည်းမျဉ်းနှင့်အညီ အရေးယူရမည်။

၁၄၂။ ထေရဝါဒ ဗုဒ္ဓသာသနာပြု လူပုဂ္ဂိုလ်တစ်ဦးဦးသည် ဂုဏ်အင်္ဂါ အရည်အချင်း ပျက်ယွင်းမှုတစ်ခုခုနှင့် ငြိစွန်းသည်ဟု အစွပ်စွဲခံရလျှင်သော်လည်းကောင်း၊ သာသနာပြု လုပ်ငန်းတာဝန်များကို ကျေပွန်စွာ

မဆောင်ရွက်လျှင်သော်လည်းကောင်း သာသနာတော် ထွန်းကား ပြန့်ပွားရေး ဦးစီးဌာနက ဤစည်းမျဉ်းအရဖြစ်စေ၊ ရုံးလုပ်ထုံး လုပ်နည်းများအရဖြစ်စေ အရေးယူရမည်။

၁၄၃။ ထေရဝါဒ ဗုဒ္ဓသာသနာပြု ထောက်ပံ့ရေးအဖွဲ့ဝင် တစ်ဦးဦးသည် ဂုဏ်အင်္ဂါအရည်အချင်း ပျက်ယွင်းမှုတစ်ခုခုနှင့် ငြိစွန်းသည်ဟု အစွပ်စွဲခံရလျှင်သော်လည်းကောင်း၊ တာဝန်များကို ကျေပွန်စွာ မထမ်းဆောင်နိုင်လျှင်သော်လည်းကောင်း သက်ဆိုင်ရာ ဩဝါဒါ စရိယအဖွဲ့များက ဩဝါဒါစရိယအဖွဲ့ မရှိလျှင် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများက ဤစည်းမျဉ်းများနှင့်အညီ အရေးယူ ရမည်။

၁၄၄။ ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့၏ လုပ်ငန်းတာဝန် များကို အဖွဲ့၏ အစည်းအဝေး ဆုံးဖြတ်ချက်နှင့်အညီ ဥက္ကဋ္ဌ ဆရာတော်နှင့် အကျိုးတော်ဆောင် ဆရာတော်တို့က လိုအပ်သလို ဆက်လက်ဆောင်ရွက်ရမည်။

၁၄၅။ အရေးပေါ် ပြဿနာတစ်ရပ်ရပ် ပေါ်ပေါက်ပါက အဖွဲ့၏ ဥက္ကဋ္ဌ ဆရာတော်နှင့် အကျိုးတော်ဆောင်ဆရာတော်တို့သည် ဤစည်းမျဉ်း ပါ လုပ်ပိုင်ခွင့်တို့နှင့်အညီ လိုအပ်သလို အရေးယူဆောင်ရွက်ပြီး ဆောင်ရွက်ချက်များကို အနီးကပ်ဆုံးဖြစ်သော အဖွဲ့၏ ပုံမှန်အစည်း အဝေးသို့ တင်ပြ၍ အတည်ပြုချက် ရယူရမည်။

၁၄၆။ ဗုဒ္ဓသာသနာပြုလုပ်ငန်းများ တိုးတက်မှုကို ဆန်းစစ်လေ့လာနိုင်ရန် ပြည်နယ်/တိုင်းအလိုက် နှီးနှောဆွေးနွေးပွဲများ ပြုလုပ်ရေးနှင့် သာသနာပြု ရဟန်းတော်၊လူပုဂ္ဂိုလ်များ စနစ်တကျ လုပ်ငန်း ဆောင်ရွက်နိုင်ရန် လိုအပ်သော ထေရဝါဒ ဗုဒ္ဓသာသနာပြုလုပ်ငန်း ဆိုင်ရာ မွမ်းမံသင်တန်း ဖွင့်လှစ်နိုင်ရေးအတွက် သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနသို့ ညွှန်ကြားနိုင်သည်။

၁၄၇။ ထေရဝါဒ ဗုဒ္ဓသာသနာပြုရဟန်းတော်များသည် ကျောင်းဟောင်း ပြုပြင်ခြင်း၊ ကျောင်းသစ်ဆောက်ခြင်းတို့၌ အထောက်အပံ့ တောင်းခံသည့်အခါ အောက်ပါအချက်များ ပါရှိရမည်-

(က) အဆောက်အအုံ၏ အတိုင်းအတာများ

(ခ) မည်သည့်အစိတ်အပိုင်း ပြင်ဆင်လိုကြောင်း အတိအကျ ဖော်ပြရမည်။ (ဥပမာ-အမိုး၊ အကာ၊ အခင်း၊ ဝင်းခြံ စသည်)

(ဂ) ကုန်ကျမည့် ခန့်မှန်းခြေ

(၁) အလုပ်သမားခ

(၂) ပစ္စည်းတန်ဖိုး

(ဃ) အဆောက်အအုံပုံစံ (အင်ဂျင်နီယာများ ရေးဆွဲသောပုံအတိုင်း တင်ပြနိုင်က တင်ပြရန်နှင့် မတင်ပြနိုင်ပါက ကြည့်ရှုသူ နားလည်လောက်သည့် အဆောက်အအုံပုံကြမ်းမျိုးကို ရေးဆွဲတင်ပြရမည်။)

(င) စုစုပေါင်းကုန်ကျမည့်ငွေအနက် ဒေသဆိုင်ရာ ဒါယကာ ဒါယိကာမများက မည်မျှအလှူငွေ ပါဝင်နိုင်မည်ကို ဖော်ပြရမည်။ (လုပ်အားပေးလျှင် လုပ်အားခများကို ငွေ မည်မျှနှင့် ညီမျှကြောင်း တွက်ချက် ဖော်ပြရန် ဖြစ်သည်။)

(စ) ဒါယကာများ၏ အလှူငွေ (သို့မဟုတ်) အခြားအလှူငွေများကို နုတ်၍ ကျန်လိုအပ်သောငွေကို စာရင်းပြုစု တင်ပြတောင်းခံရမည်။

J